မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၀)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၁၃-၁၁-၂၀၂၆၊ သောကြာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးတင်မောင်ဆွေ၊ ဦးအောင်ကျော်ဟိုး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး

စာမျက်နှာ ၃ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

ယနေ့ဖတ်စရာ အညွှန်း

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၁)(၂)(၃)ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီဖွဲ့စည်း

ပြည်ထောင်စုလွှတ်တော်

စာမျက်နှာ ၄

ကိပင်ဒီဘရိုင်းကို ခေါ်ယူရန် အဲဟတန်အသင်း စီစဉ်

စာမျက်နှာ ၁၁



YCTA အသင်းသို့ ဝင်ရောက်မှတ်ပုံတင်ခြင်း၊ CNG စတစ်ကာများကပ်ခြင်းတို့ ဆောင်ရွက်မှုမရှိသည့် စီအင်နဂျီ တက္ကစီယာဉ်များအား စီအင်နဂျီဝယ်ယူခွင့် ယာယီရုပ်သိမ်းမည်

ရန်ကုန် နိုဝင်ဘာ ၁၂

စီအင်နဂျီတက္ကစီယာဉ်(CNG Taxi)များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး စီးတီးတက္ကစီအသင်း(YCTA) အသင်းသို့ ဝင်ရောက်မှတ်ပုံတင်ခြင်းနှင့် စီအင်နဂျီ စတစ်ကာ(CNG Sticker)များကပ်ခြင်းကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်မှုမရှိသည့် ယာဉ်များအား ၂၀၂၇ ခုနှစ်

စာမျက်နှာ ၃ သို့ ❖

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် နိုဝင်ဘာ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးလာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ သောကြာနေ့။

စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေး ဆန်စပါးကဏ္ဍထုတ်လုပ်မှု တိုးတက်ရေးဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန် အမျိုးမျိုးဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို လည်း ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ အဓိကသီးနှံမှာ ဆန်စပါးဖြစ်ပြီး အဓိကစိုက်ပျိုးရေးသီးနှံဖြစ်သည့်အတွက် လမ်းညွှန်ထားသည့် အတိုင်း စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေး၊ ဆန်စပါးကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပဈေးကွက်ရရှိပြီး ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့ဆန်စပါး ညီလာခံကျင်းပခဲ့မှုနှင့် ညီလာခံမှဖော်ထုတ်ရရှိခဲ့သည့် ဆန်စပါးကဏ္ဍပိုမိုတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များ၊ သိုလှောင်ရုံများကို မြန်မာ့ဆန်စပါးကွန်ရက်တွင် လွယ်ကူလျင်မြန်စွာ စနစ်တကျမှတ်ပုံတင်ထားရှိနိုင်ရေး၊ အတည်ပြုထားသော သိုလှောင်ရုံလိုင်စင်အတွက် ဒီဂျစ်တယ်လက်မှတ်ထုတ်ပေးနိုင်ရေးနှင့် ပြည်တွင်းဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ထိရောက်သည့် ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး သင့်တော်သည့် ပမာဏတစ်ခုကို အရန်ဆန်အဖြစ် နှစ်စဉ်စုဆောင်းထားနိုင်ရေး အချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများရှိ ပြည်သူများအား အဓိကစားသုံးကုန်ကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်ရန် စုဆောင်းထားရှိမှုအခြေအနေများ၊ ရုတ်တရက်သဘာဝဘေးကျရောက်လျှင် သို့မဟုတ် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လာပါက အရန်ဆန်တိုးမြှင့်စုဆောင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အရန်ဆန်တိုးမြှင့်စုဆောင်းနိုင်ရေးအတွက် သက်ဆိုင်သည့်ဌာန၊ အသင်းအဖွဲ့အားလုံး လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဆန်စပါးဈေးကွက်အခြေအနေ၊ အရန်ဆန်ထားရှိမှုအခြေအနေနှင့် ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အရန်ဆန်သိုလှောင်ထားရှိမှု၊ သဘာဝဘေးသင့်ဒေသများသို့ ဆန်ထောက်ပံ့ ပံ့ပိုးမှု၊ ပို့ကုန်တင်ပို့မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိုဂုံးချုပ်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတသည် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ပို့ကုန်အခြေပြု အရန်ဆန်သိုလှောင်ရုံများ၌ အရန်ဆန်များ သိုလှောင်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

နိုင်ငံတော်က ပြည်တွင်း၌ ဆန်စပါးဖူလုံရေး၊ ပြည်ပဈေးကွက်ရရှိရေးနှင့် စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစု မှတ်ပုံတင်ထားရှိမှုများကို ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

လူငယ်စကားဝိုင်း ကျင်းပ

တံတားဦး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက Moderator အဖြစ်ဆောင်ရွက်ပြီး တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ ကျောင်းသား မောင်ရဲမိုးဟိန်းက လူငယ်နှင့် စာဖတ်ဝါသနာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 မှ ကျောင်းသူ မချမ်းရတီမင်းက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11မှ ကျောင်းသူ မကြိုင်သင်းခိုင်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ ကျောင်းသား မောင်ရဲဖုန်းဇာနည်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ ကျောင်းသူ မဟန်နီထွန်းက လူငယ်နှင့်မီဒီယာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ သိရှိလိုသည်များကို ဆွေးနွေးကြရာ ဦးစီးအရာရှိနှင့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၁၂

လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ယနေ့နံနက် ၉ နာရီက တိုးကြီးကုန်း အခြေခံပညာအလယ်တန်းကျောင်းတွင် လည်းကောင်း၊ မွန်းလွဲ ၁ နာရီက ကျွဲနွားထောက် အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးများက အသီးသီး အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာ မင်းမင်းဆွေဇင်က "မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါ၏" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ စိတ်ပါဝင်စားစွာမေးမြန်းခဲ့သော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများသို့ ဆရာ၊ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၁၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သွေးသွေး(ခရိုင်ပြန်/ဆက်)

၀-၀-၀-၀-၀-၀

အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်လှစ်

ပျော်ဘွယ် နိုဝင်ဘာ ၁၂

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် စာကြည့်တိုက်လုပ်ငန်းများကို စနစ်တကျ ထိရောက်စွာဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အခြေခံစာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာအသိပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်နှင့် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုစနစ်တကျ ထိရောက်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေစောမွန်က Digital Library Management System (DLMS) အသုံးပြု၍ စာစုလုပ်ငန်း၊ ကတ်တလောက်လုပ်ငန်း၊ စာအုပ်ပေးပို့ခြင်းနှင့် စာငှားလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရမည့် နည်းလမ်းများအား ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

ကျော်စွာထက်(ပျော်ဘွယ်)

မြို့နယ်အဆင့်အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ အထက်တန်းအဆင့် ဆက်လက်ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး၊ မဟာအောင်မြေမြို့နယ်တွင် မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ (မူ၊လယ်၊ထက်)ရှိ ကျောင်းသား၊ ကျောင်းသူများဖြင့်စ အ.ထ.က (၁၃)ကျောင်းတွင် ကျင်းပခဲ့သည်။



အာကာသဆိုင်ရာပြိုင်ပွဲတွင် မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၁၀ ရက်က မူလတန်းအဆင့် စာရင်းရှိ ကျောင်းသား ၁၇၅ ဦး၊ ကျောင်းသူ ၂၀၅ ဦး၊ စုစုပေါင်း ၃၈၀ ဦးရှိရာ ဖြေဆိုကျောင်းသား ၁၆၁ ဦး၊ ကျောင်းသူ ၁၈၉ ဦး စုစုပေါင်း ၃၅၀ ဦး ဖြေဆိုခဲ့ကြပြီး နိုဝင်ဘာ ၁၁ ရက်က အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲတွင် စာရင်းရှိ ကျောင်းသား ၉၆ ဦး၊ ကျောင်းသူ ၁၅၂ ဦး၊ စုစုပေါင်း ၂၄၈ ဦးရှိရာ ဖြေဆိုကျောင်းသား ၉၃ ဦး၊ ကျောင်းသူ ၁၄၆ ဦး စုစုပေါင်း ၂၃၉ ဦး ဖြေဆိုခဲ့ကြပြီး နိုဝင်ဘာ ၁၂ ရက်တွင် အထက်တန်းအဆင့် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲတွင် စာရင်းရှိကျောင်းသား ၇၃ ဦး၊ ကျောင်းသူ ၆၀ ဦး၊ စုစုပေါင်း ၁၃၃ ဦးရှိရာ ဖြေဆိုကျောင်းသား ၇၀ ဦး၊ ကျောင်းသူ ၅၇ ဦး စုစုပေါင်း ၁၂၇ ဦး ဖြေဆိုခဲ့ကြပြီး ဝင်ရောက်ယှဉ်ပြိုင်နေမှုအား မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးတို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အောင်စော်မင်း(ပြန်/ဆက်)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။

★ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြေးပေးပုဂ္ဂိုလ် H.E. Mr. Kallayana Vipattipumiprates နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်း မိတ်ဆွေကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ရွေးကောက်ခံ အစိုးရမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး အာဆီယံနှင့်ပတ်သက်၍ အပြုသဘော ဆောင်ပြီး အကျိုးရှိသည့်ပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက် ထိန်းသိမ်းသွားမည် ဖြစ်ကာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီနှင့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ပိုမိုထိတွေ့ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့အတွက် အရေးကြီးသည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက်လည်း အာဆီယံအဖွဲ့သည် အရေးကြီးသည့်အခြေအနေများ၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံနှင့် နိုင်ငံတကာရှိပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးစေလျက်ရှိသည့် အွန်လိုင်း လိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်ရပ်အနေဖြင့်ခံယူကာ အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ထိရောက်ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တစ်လျှောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ချောင်းများတစ်လျှောက် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးနှင့် မြစ်ရေများ ညစ်ညမ်းမှုမရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ထိုင်းနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံမှရွှေ့ပြောင်း အလုပ်သမားများနှင့် ပတ်သက်၍ လည်း ၎င်းတို့၏ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၈ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ အစားထိုးခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (ငါ)၊ (ဇ)၊ ပုဒ်မ ၂၆၄ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ (ဈ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့အရ အောက်ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများအား ယှဉ်တွဲပါအတိုင်း အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ကယားပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးသန်းစိုးအောင် အစား ဗိုလ်မှူးကြီးနောင်လတ်

(၂) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးဝင်းတင်စိုး အစား ဗိုလ်မှူးကြီးမင်းသိန်း

(၃) မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးမိုးမင်းသိန်း အစား ဗိုလ်မှူးကြီးနိုင်ဇင်ထွန်း

(၄) မွန်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးကျော်စွာမြင့် အစား ဗိုလ်မှူးကြီးရဲထွဋ်

(၅) ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးကျော်သူရ အစား ဗိုလ်မှူးကြီးဇော်လင်းထွန်း

(၆) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးဝင်းတင့် အစား ဗိုလ်မှူးကြီးကျော်ကျော်ဦး

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီးစိန်ဝင်း အစား ဗိုလ်မှူးကြီးကျော်မျိုးမင်းလတ်

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏ ။

❖ YCTA အသင်းမှ

ဧန်နဝါရီ ၁ ရက်မှစတင်ကာ စီအင်နဂ်ျ (CNG) ဝယ်ယူခွင့် ယာယီရပ်သိမ်းသွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှသာ စီအင်နဂ်ျဝယ်ယူခွင့်ကို ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)ရုံးချုပ်တွင် ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

လက်ရှိတွင် YCTA အသင်းသို့ ဝင်ရောက်မှတ်ပုံတင်ခြင်းနှင့် စီအင်နဂ်ျစတင်ကာများ ကပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးသည့် စီအင်နဂ်ျတက္ကစီယာဉ်ပေါင်း ၅၀၀၀ ကျော်ခန့်ရှိပြီဖြစ်ပြီး ဝင်ရောက်ရန် ယာဉ်များစွာကျန်ရှိနေသေးကြောင်း သိရသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရှိစေရန် ရည်ရွယ်၍ စီအင်နဂ်ျယာဉ်များအတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ကို တစ်ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားဖြင့် ဈေးနှုန်းချိသာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စီအင်နဂ်ျအသုံးပြုတက္ကစီယာဉ်များအား နိုင်ငံတော်မှ သက်သာသည့်နှုန်းထားများဖြင့် စီအင်နဂ်ျရောင်းချပေးထားသဖြင့် အခြားစက်သုံးဆီအသုံးပြုတက္ကစီယာဉ်များနည်းတူ ယာဉ်စီးခတောင်းခံမှု မရှိစေရေး ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် စီအင်နဂ်ျအသုံးပြု တက္ကစီယာဉ်များအဖြစ် ကွဲပြားစွာသိရှိနိုင်စေရေး MOGE နှင့် YCTA တို့ပူးပေါင်း၍ CNG Taxi ယာဉ်များ၏ ရှေ့လေကာမှန်နှင့် နောက်လေကာမှန်တို့တွင် CNG Taxi စာသားပါ အဝါရောင် စတစ်ကာများ တပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) စင်းလုံးဌာန ဌာန၏ နိုဝင်ဘာ ၉ ရက်အထိ မှတ်ပုံတင်စာရင်းအရ စီအင်နဂ်ျအသုံးပြုတက္ကစီ ၁၇၉၇၅ စီး၊ အောက်တိန်းအသုံးပြုတက္ကစီ ၃၃၂၅၆ စီး၊ ဒီဇယ်အသုံးပြုတက္ကစီ ၂၈၁၀ စီး။ EV တက္ကစီ ၁၅၂၀ စုစုပေါင်း တက္ကစီအစီးရေ ၅၅၅၆၄ စီးရှိကြောင်း မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ကိုထက်

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မိုင်းတုံ နိဝင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန် အတွက် လူအင်အား၊ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် ဆောင်ရွက်လျက်ရှိသည်။

ရေနုတ်မြောင်းတူးဖော်ခြင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီမံညွှန်ကြားမှုဖြင့် မြို့နယ်အတွင်း မြို့မရုပ်ကွက်ရှိ လမ်းမကြီးဘေးရှိ ရေနုတ်မြောင်း၏ ရေထွက်ပေါက်အကျယ်နှစ်ပေ၊ အနက် သုံးပေရှိသော ကွန်ကရစ်ရေမြောင်းများ ဆက်လက်ခင်းကျင်းသွားမည်ဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သန့်ရှင်းသာယာလှပသော မြို့၊ ရွာများ ဖြစ်ပေါ်စေရန်အတွက် ရေဆိုးထုတ်မြောင်းများအား စဉ်ဆက်မပြတ် တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) (၂) (၃)ပါအချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီဖွဲ့စည်း

နေပြည်တော် နိုဝင်ဘာ ၁၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယက Jeng Phang နော်တောင်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ (ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယ နာယက Jeng Phang နော်တောင်က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း (၁) (၂)(၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေးပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို** ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့တွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက် တင်သွင်းခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းရေးအဆိုကို ယင်းနေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ တို့အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါ အချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို သင့်လျော်သည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ လုပ်ထုံးလုပ်နည်း၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့မှာ သတ်မှတ်ပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်အတွက် ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းကော်မတီကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၃၈ ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး စုစုပေါင်း ၉၀ ဦးဖြင့် ပါဝင်ဖွဲ့စည်းမည်ဖြစ်ပြီး ပူးပေါင်းကော်မတီ၏ဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးလှသိန်းကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ် (၂) ဒေါ်နွယ်နွယ်ဦးကိုလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်ကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးကိုလည်းကောင်း တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ကော်မတီဝင် ၈၆ ဦး၏ အမည်စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းတွင် ဖော်ပြထားပြီးဖြစ်ကြောင်း။

ပူးပေါင်းကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ ဦးတည်ချက်၊ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ရပိုင်ခွင့်များနှင့် သက်တမ်းတို့ကိုလည်း အပိုဒ် ၈ ပိုဒ်ဖြင့် ထည့်သွင်းဖော်ပြထားပါကြောင်း တင်ပြပြီး ဖွဲ့စည်းသွားမည့် ပူးပေါင်းကော်မတီ၏ ဦးတည်ချက် ၃ ရပ်ဖြစ်သည့် (က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်တံ့ခိုင်မြဲမှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို ခေတ်စနစ်နှင့်လျော်ညီစွာ ပိုမိုတည်ဆောက်နိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်လာစေရေး၊ (ခ)တိုင်းရင်းသားမျိုးနွယ်စုများအကြား ယုံကြည်မှုခိုင်မာသော အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရေး၊ (ဂ)နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဒီမိုကရေစီစနစ်ကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ ဖြစ်ကြောင်း။

ဆက်လက်ပြီး တာဝန် ၁၁ ရပ်ဖြစ်သည့် (က) ပူးပေါင်းကော်မတီသည် နိုင်ငံတော်၏သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ ပြည်သူတို့၏ နိုင်ငံရေးအသိ ရင့်ကျက်မှုအခြေအနေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခြေအနေ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအခြေအနေတို့ပေါ်မူတည်၍ လေ့လာသုံးသပ်သွားရမည်၊ (ခ) အကျိုးမဖြစ်ထွန်းနိုင်သည့် အငြင်းပွားဖွယ်ရာဖြစ်နိုင်မည့် ပြဋ္ဌာန်းချက်များထက် နိုင်ငံတော်အတွက် အကျိုးရှိပြီး ပြည်သူအများလိုလားသည့် အပြုသဘောဆောင်သည့် ပြဋ္ဌာန်းချက်များကို ဦးစားပေးလေ့လာသုံးသပ်သွားရမည်၊ (ဂ)အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်သည် ဒီမိုကရေစီစနစ်နှင့် ပိုမိုကိုက်ညီလာစေရေးအတွက် လေ့လာသုံးသပ်တင်ပြသွားရမည်၊ (ဃ)ပြည်သူတို့၏ ယုံကြည်မှု၊ အားထားမှုကိုရရှိသော ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် လေ့လာသုံးသပ်တင်ပြရမည်၊ (င) ပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို နာယက၏ခွင့်ပြုချက်နှင့် အတူ လွှတ်တော်သို့တင်သွင်းရမည်၊ (စ)ပူးပေါင်းကော်မတီ၏အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင်လည်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ တင်ပြရမည်၊ (ဆ)ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်ကို အခြေခံ၍ ဥပဒေမူကြမ်းပြုစုရန်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း ၁၊ ၂၊ ၃ တို့ကို လေ့လာဆန်းစစ်၍ သက်ဆိုင်သည့် ကိစ္စများကိုလည်း တစ်ပေါင်းတည်း ထည့်သွင်းစဉ်းစားရမည်၊ (ဇ) ဥပဒေမူကြမ်းပြုစုတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)ပါ ပုဒ်မ၊ ပုဒ်မခွဲများနှင့် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)ပါ ပုဒ်မ၊ ပုဒ်မခွဲများအတွက် ပြင်ဆင်လိုသည့် ဥပဒေကြမ်းကို သီးခြားစီရေးသား၍ တစ်ပေါင်းတည်းတင်ပြရမည်၊ (ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်မှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၃၊ ပုဒ်မ ၄၃၄၊ ပုဒ်မ ၄၃၅ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၆ တို့နှင့်အညီ ဥပဒေမူကြမ်း ပြုစုတင်သွင်းနိုင်ရန် ဆောင်ရွက်ရမည်၊ (ည)ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်များ၊ တင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်သို့ မတင်ပြမီအချိန်ထိ ပေါက်ကြားခြင်းမရှိစေရန် လျှို့ဝှက်အဆင့် သတ်မှတ်ထိန်းသိမ်းရမည်၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးအသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်၊ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ (ဋ)ပူးပေါင်းကော်မတီ သက်တမ်းကုန်ဆုံးပါက ဆွေးနွေးချက်၊ သုံးသပ်ချက်၊ တင်ပြချက်၊ ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများ၊ စာရွက်စာတမ်းအထောက်အထား မှတ်တမ်းများအားလုံးကို ပြည်ထောင်စုလွှတ်တော်သို့ စနစ်တကျ လွှဲပြောင်းအပ်နှံရမည်၊ လုပ်ပိုင်ခွင့် ၆ ရပ်၊ လုပ်ထုံးလုပ်နည်း ၃ ရပ်၊ ရပိုင်ခွင့် ၃ ရပ်တို့ကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားသည့် ဖွဲ့စည်းမိန့်မူကြမ်းမှာ အသေးစိတ်ဖော်ပြပါရှိပြီးဖြစ်ကြောင်းနှင့် ပူးပေါင်းကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်အချိန်မှ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့်အချိန်ထိဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယနာယက ရှင်းလင်းတင်ပြသွားသည့် လေ့လာသုံးသပ်ရေးနှင့် ဥပဒေကြမ်းပြုစုရေးပူးပေါင်းကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို လွှတ်တော်၏ သဘောထားရယူရာ ကန့်ကွက်သူမရှိသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများအပါအဝင် ရငွေသုံးငွေများနှင့် ဥပဒေအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းသည် နိုင်ငံတော်၏မူလခွင့်ပြုထားသော ရန်ပုံငွေဖြင့် မလုံလောက်သည့်လုပ်ငန်းများ၊ မဖြစ်မနေကျခံပေးရမည့် အသုံးစရိတ်များနှင့် ထပ်မံအကောင်အထည်ဖော်ရန် လိုအပ်လာသော စီမံကိန်းလုပ်ငန်းများအတွက် ဘဏ္ဍာငွေထပ်မံခွဲဝေခွင့်ပြုရန် ရည်ရွယ်သည့် ဥပဒေကြမ်းတစ်ခုဖြစ်ကြောင်း၊ ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲမှုကို ထုတ်လုပ်မှု၊ တိုးတက်မှုနှင့် မချိတ်ဆက်နိုင်ပါက ဈေးနှုန်းများအပေါ် ဖိအားဖြစ်စေနိုင်ပြီး ပြည်တွင်းထုတ်လုပ်မှုမတိုးတက်ဘဲ ငွေကြေးလည်ပတ်မှုသာတိုးလာပါက ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာနိုင်သည်ကို သတိထားစောင့်ကြည့်ရန် လိုအပ်ကြောင်း၊ မူလခွင့်ပြုငွေအသုံးပြုမှု ရာခိုင်နှုန်း၊ လက်ကျန်အခြေအနေနှင့် စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှုတို့အား နှိုင်းယှဉ်ကြည့်ရှုရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေဖြုန်းတီးမှုမဖြစ်စေရေးနှင့် ယခုလက်ရှိကာလမှ ဘဏ္ဍာနှစ်ကုန်အထိ တိုတောင်းလှသော လက်ကျန်ကာလတွင် အမှန်တကယ်အကောင်အထည်ဖော်ပြီးစီးရန်အရေးကြီးခြင်း၊ ပြည်တွင်း/ပြည်ပကြွေးမြီ သက်ရောက်မှု၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ပြန်လည်ရရှိနိုင်မည့် ရန်ပုံငွေအောင်မြင်မှုတို့ကို တိုင်းတာစစ်ဆေးနိုင်မည့်စနစ် စီမံထားရှိရန် လိုအပ်ပါကြောင်း။

မူလခွင့်ပြုချက်ပါ သုံးငွေ၏ ၁၀ ရာခိုင်နှုန်းနှင့် အထက် ကျော်လွန်၍ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံလာသည့် ဝန်ကြီးဌာန(၁၂)ခုနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းပါလိုငွေနှင့် GDP အချိုး၅ ရာခိုင်နှုန်းအတွင်းသာရှိစေရေး၊ အသုံးစရိတ်များ လျှော့ချဆောင်ရွက်ရန် လိုအပ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထားဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

တနယ်ာရီတိုင်းဒေသကြီးကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ)ဦးတင်ဦးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ငွေအပါအဝင် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုလိုသည်မှာ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများနှစ်စဉ်လိုငွေပြလျက် ရန်ပုံငွေရေးဆွဲနေခြင်းသည် လုံးဝမဖြစ်သင့်ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပျက်သုဉ်းနိုဂုံးချုပ်စေခဲ့သည့် စီးပွားရေးလုပ်ငန်းတွင် နိုင်ငံတော်က အရှုံးခံခြင်းကို ကောင်းစွာသင်ခန်းစာယူ၍ ငွေစာရင်းပူးပေါင်းကော်မတီ၏အကြံပြုချက် နည်းလမ်းများအတိုင်း ဆယ်မကုစားသွားရမည်ဖြစ်ပါကြောင်း။

အခွန်ရငွေများသည် မူလခန့်မှန်းခြေထက်ပိုမိုရရှိခြင်းအပေါ် ကြိုဆိုပါကြောင်း၊ သို့ရာတွင် အခွန်စက်ဝန်းမှ ကင်းလွတ်နေသော နယ်ပယ်များစွာရှိနေသေးရာ အခွန်နှုန်းထားမတိုးဘဲ အခွန်နယ်ပယ်တိုးချဲ့ခြင်း၊ သတ်မှတ်ကောက်ခံနှုန်းနှင့် အမှန်မြေပြင်ကောက်ခံနှုန်း ကွာခြားမှုမများအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ တိုက်တာမြေယာစသည့် အခြေခံပစ္စည်းများ ပိုင်ဆိုင်မှုအပေါ် အခွန်ကောက်ခံသည့် ဥပဒေကဲ့သို့ အခွန်ဥပဒေများရေးဆွဲ ပြဋ္ဌာန်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်ဘဏ္ဍာအခွန်ငွေများ တိုးမြှင့်ရနိုင်ခြေကောင်းစွာရှိကြောင်း အကြံပြုလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

မွန်ပြည်နယ် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ဖြည့်စွက်ခွင့်ပြုသုံးငွေပမာဏ ငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ ၅ နှစ်အတွင်း ပမာဏအများဆုံးဖြစ်ကြောင်း၊ ဖြည်စွက်ခွင့်ပြုငွေ အမှန်တကယ်သုံးစွဲနိုင်သည့် အချိန်ကာလသည် (၄) လခန့်သာကျန်ရှိသဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲသုံးစွဲနိုင်ရေးသည် ကြီးမားသည့် ကန့်သတ်ချက်တစ်ရပ်ဖြစ်သည်ဟု ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်ကို တွေ့ရှိရပါကြောင်း။

စာမျက်နှာ ၅ သို့ *

✧ စာမျက်နှာ ၂၄ မှ

အစည်းအဝေးသို့ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမျိုးသမီးအသင်းအဖွဲ့ အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် အမျိုးသမီးရေးရာဝန်ကြီးဌာန ဖွဲ့စည်းတည်ထောင်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျင်းပသည့် ပထမဆုံးဦးဆောင်ကော်မတီအစည်းအဝေးဖြစ်ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းကို အားလုံးက ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်အတွက် အရေးပါသည့် အစပြုခြင်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်များနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များအကြား ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးညှိနှိုင်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်သွားကြရန်ဖြစ်ကြောင်း။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်းသည် အမျိုးသမီးများ၏ အခွင့်အရေး၊ အခွင့်အလမ်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကဏ္ဍစုံမှ စနစ်တကျမြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည့် အရေးပါသော မူဝါဒနှင့် လုပ်ငန်းလမ်းညွှန်တစ်ရပ် ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ရာတွင် အမျိုးသမီးများအတွက် တန်းတူအခွင့်အလမ်းရရှိရေး၊ ခွဲခြား ဆက်ဆံမှုလျော့နည်းပပျောက်ရေး၊ ဘေးကင်းလုံခြုံရေး၊ အရည်အသွေး ရှိသည့် ဝန်ဆောင်မှုများ လက်လှမ်းမီရေးနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရေးတို့ကို အခြေခံပြီး ဆောင်ရွက်ကြရန် လိုကြောင်း။

ထို့ပြင် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအချက်(၅)ချက်ကို အလေးထားဆောင်ရွက်စေလိုကြောင်း၊ ပထမအချက်အနေဖြင့် လုပ်ငန်းနယ်ပယ်(၁၂)ရပ်အတွက် တာဝန်ခံဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်းများအကြား လုပ်ငန်းညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်း အောင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် အမျိုး သမီးများ၏ လက်တွေ့လိုအပ်ချက်များကို အခြေခံပြီး ဖြို့ပြ၊ ကျေးလက် နှင့် ဒေသအလိုက် ဦးစားပေးလုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် လုပ်ငန်းများအကောင်အထည် ဖော်ရာတွင် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့်ဘဏ္ဍာ ရေးဆိုင်ရာပံ့ပိုးမှုများကို ရလဒ်ရရှိရေးအပေါ် အခြေခံပြီး စနစ်တကျ ချိတ်ဆက်အသုံးချကြရန်ဖြစ်ကြောင်း၊ စတုတ္ထအချက်အနေဖြင့် အမျိုး သမီးများနှင့် မိန်းကလေးငယ်များကို မိမိတို့၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သူများအဖြစ် အသိအမှတ်ပြုပြီး တက်ကြွစွာပါဝင်လာနိုင်ရေး အားပေးမြှင့်တင်ကြရန်ဖြစ်ကြောင်း၊ ပဉ္စမ အချက်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပုံမှန်စောင့်ကြည့် အကဲဖြတ်ပြီး တွေ့ရှိချက်များအပေါ်မူတည်ကာ လိုအပ်သည့် ပြင်ဆင် ဖြည့်စွက်မှုများကိုအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ယနေ့ အစည်းအဝေးမှတစ်ဆင့် မဟာဗျူဟာစီမံကိန်း၏ ရည်မှန်း ချက်များကို လက်တွေ့အကျိုးရလဒ်များအဖြစ်ပြောင်းလဲနိုင်ရေး၊ အမျိုး သမီးများနှင့် မိန်းကလေးငယ်များ၏ ဘဝအခွင့်အလမ်းများ ပိုမိုကျယ်ပြန့် လာရေးနှင့် ၎င်းတို့၏ အသိပညာ၊ အတတ်ပညာနှင့် စွမ်းဆောင်ရည်များ ကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် တွင်ပြုလုပ်ခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော် အဆင့်မဟာဗျူဟာစီမံကိန်း-NSPAW (၂၀၂၃-၂၀၃၂) အကောင်အထည် ဖော်ဆောင်ရွက်မှု သုံးသပ်ခြင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ဘဏ္ဍာ ရေးနှစ်များအလိုက် လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှု၊ အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များ၊ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ရန်နှင့် အမျိုးသမီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအဓိကများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေသွယ်ကြည်က ဦးဆောင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များ ကို တင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်း တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

*** စာမျက်နှာ ၄ မှ**

ဘဏ္ဍာနှစ်ကုန်ဆုံးမည့်အချိန်တွင် ခွင့်ပြုထားသောငွေများကို မသုံးစွဲနိုင်ပါက နောက်နှစ်တွင် ပြန်လည်တောင်းခံရန် အခက်အခဲရှိနိုင်သည့်အတွက် ထိုငွေကို အလျင်အမြန်သုံးစွဲရန် ဖိအားဖြစ်လာနိုင်ပါကြောင်း၊ လိုအပ်ချက်များကို အခြေခံသုံးစွဲခြင်းထက် ရန်ပုံငွေ ကုန်ဆုံးရေးကိုသာ ဦးစားပေးနိုင်ပါကြောင်း။ ၄ လခန့်သာ ကျန်ရှိသည့်အချိန်သည် အလွန်တိုတောင်းသော ကာလဖြစ်သဖြင့် ဖြည့်စွက်ငွေခွင့်ပြုခြင်းသည် တစ်ဖက်တွင်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရန် အထောက်အကူဖြစ်စေသော်လည်း အခြားတစ်ဖက်တွင် ခွင့်ပြုထားသည့် ဘဏ္ဍာ ငွေများကို အရည်အသွေးပြည့်မီ၊ ထိရောက်၊ အကျိုးရှိစွာသုံးစွဲနိုင်မည်ဆိုသည့်အချက်မှာ စဉ်းစားစရာ ဖြစ်စေပါကြောင်း အကြံပြုဆွေးနွေးသည်။

ကြည့်မြင်တိုင်ပင်ဆွေးနွေးရန်ယမု ဦးခင်လွိုင်က ဝန်ကြီးဌာနများမှ တင်ပြလာသည့် ရသုံးမှန်ခြေစာရင်းအများစုသည် ရငွေကိုတိုးပွားအောင် လုပ်ဆောင်သည်ထက် အသုံးစရိတ်ကို ပုံစံအစုံဖြင့် တင်ပြထားသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်၏ ပကတိစီးပွားရေးအခြေအနေကို သိလျက်နှင့် အချိန်အခါ၊ စောင့်ရမည့်လုပ်ငန်းများကို ရေးဆွဲတင်ပြခြင်း၊ အောက်ခြေအထိ စုံစမ်းစစ်ဆေးမှု အားနည်းခြင်း၊ အမှန်တကယ်လိုအပ်သည့် လုပ်ငန်း များကို ရေးဆွဲတင်ပြမှုမရှိခြင်း၊ မလိုအပ်သည့် တည်ဆောက်ပြုပြင်လုပ်ငန်းများကို ရေးဆွဲ၍ ရန်ပုံငွေတောင်းခံခြင်းများရှိနေ၍ တင်ပြလာသည့် ရသုံးမှန်ခြေစာရင်းများကို လွှတ်တော်ကိုယ်စားလှယ်များက မျက်မြင်ကွင်းဆင်း စစ်ဆေးလျှင် သိရှိလာပါလိမ့်မည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ ကြယ်ပွင့်ပြမေးခွန်းအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးမြန်းတောင်းဆိုခဲ့သည့် ပြိုကျ၊ ပျက်စီး၊ အန္တရာယ်ရှိ အခြေခံပညာစာသင်ကျောင်းများ၊ မြို့နယ်လဝကရုံးများ၊ မဖြစ်မနေပြုပြင်တည်ဆောက်ပေးရမည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဆောင်ရွက်ရမည့် လမ်းတံတားများကို ယခုဘဏ္ဍာ ရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လျာထား ဘတ်ဂျက်အနည်းဆုံးဖြစ်သည့် စစ်ဘေးရှောင် ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် ထိလွယ်ရှလွယ် သော အလုပ်သမားရေးရာကိစ္စများကို ဖြေရှင်းဆောင် ရွက်ပေးနေရသည့် အလုပ်သမားဝန်ကြီးဌာနတို့ကို ယခုတင်ပြသည့် ဖြည့်စွက်ခွင့်ပြုငွေပမာဏထက် ပိုမို တိုးမြှင့်ပေးရန်လိုအပ်သည်ကို အကြံပြုလိုပါကြောင်း။

မိမိတင်ပြခဲ့သည့် ဝန်ကြီးဌာနများအတွက် မဖြစ်မနေ အရေးကြီးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မူလဖြည့်စွက်တောင်းခံငွေထက် ပိုမိုတိုးမြှင့်ပေး နိုင်ရန်၊ လက်ရှိဥပဒေကြမ်းပါ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၇၄၆၈ ဒသမ ၇၀၂ ဘီလီယံအတိုင်း မပြောင်းလဲဘဲ၊ ဖြည့်စွက်ခွင့်ပြုငွေပမာဏများသည် ဝန်ကြီးဌာန အသီးသီးမှ ပြန်လည်ဖြတ်တောက်၍ ပြည်ထောင်စု အစိုးရအဖွဲ့မှ ပြန်လည်စိစစ်ဆောင်ရွက်ပေးပါလျှင် ယခုတင်ပြသည့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဓနဲ၊ နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို သဘောတူညီချက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်း ခြေငွေစာရင်း၊ ငွေသားစာရင်းအရ စုစုပေါင်းလိုငွေမှာ ငွေကျပ် ၂၁၃ ဘီလီယံဖြစ်ပေါ်ခဲ့ပါကြောင်း၊ အဆိုပါ စုစုပေါင်းအသုံးစရိတ်တွင် နိုင်ငံပိုင်စီးပွားရေးအဖွဲ့ အစည်းများမှ နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ ဝင်ငွေခွန် နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ပါဝင်ကြောင်းနှင့် လက်ရှိတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အနှံးဖြစ်ပေါ်မှုကို သက်သာ စေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် မြန်မာအမျိုးသားလေကြောင်းတို့မှာ ဘဏ္ဍာရေး အခြေအနေအရ အနှံးဖြစ်ပေါ်နေသော်လည်း ပြည်သူ များအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူ့ ကုန်စည်များ စီးဆင်းမှုမှန်ကန်ရေးအတွက် အားထား ရာဖြစ်သည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းများအနေဖြင့် အရှုံး လျော့နည်း၍ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန် ရေးကိုသာ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုနည်းတူစွာ အခွန် အခြေကို တိုးချဲ့ခြင်းကိုလည်းကောင်း၊ အခြေခံဝန်ဆောင် များအပေါ်မှ အခွန်ကောက်ခံခြင်းနှင့် စံနှုန်းမှန်ကန် ရေးကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ ဆွေးနွေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက် လျက်ရှိပါကြောင်း။

အခွန်ရငွေများမှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အမှန်စာရင်းများအရ နှစ်စဉ်မူလခန့်မှန်းခြေ ငွေစာရင်းထက်ပိုမိုရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေ ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် ရငွေရရှိမှုအပေါ် မူတည်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသုံးစရိတ်များကို ကဏ္ဍအသီးသီးအလိုက် ခွဲဝေသုံးစွဲရခြင်း ဖြစ်ပါကြောင်း၊ အခွန်အကောက်ရငွေ တိုးတက်မှုရရှိမှသာ နိုင်ငံတော်၏ အခြေခံအဆောက် အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍများတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ သုံးစွဲနိုင်မှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနများ၏ ဖွဲ့စည်းမှုနှင့် သဘောတရား ကို သေချာစွာလေ့လာရန် လိုအပ်ပါကြောင်း၊ ဝန်ကြီး ဌာနများသည် စနစ်တကျဖွဲ့စည်းထားပြီး ဝန်ကြီးဌာန တစ်ခုချင်း၏ SOP နှင့် Terms of Reference များ ရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနတိုင်းသည် ရငွေရှာဖွေရသည့် ဌာနများမဟုတ်ပါကြောင်း၊ ရငွေ ပိုင်းတွင် အခွန်မှရငွေနှင့် အခွန်မဟုတ်သောရငွေ ဖြစ်ပါကြောင်း၊ အခွန်မှရငွေကို ကောက်ခံရသည့် ဝန်ကြီးဌာနများ၌ပြီး အခွန်မဟုတ်သော ရငွေများကို သာဆောင်ရွက်ရသည့် ဝန်ကြီးဌာနများရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် လစာနှင့် စရိတ်၊ ငွေလုံးငွေလုံး အသုံးစရိတ်ခွဲခြားထားပါကြောင်း၊ ဝန်ကြီးဌာနတိုင်း သည် စီမံကိန်းပါမှသာလျှင် ဘတ်ဂျက်လျာထားခွင့်ရှိ ပါကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းများကို စီစစ်သည့် အခါတွင်လည်း မိမိတို့အနေဖြင့် ရှေ့သုံးနှစ် နောက်သုံးနှစ်ကို ပြန်လည်သုံးသပ်ထားသည့် ကာလ လတ်ဘဏ္ဍာရေးမူဘောင်ကို ထုတ်ပြန်ထားပြီး ဝန်ကြီးဌာနများကို အဆိုပါမူဘောင်နှင့် ထိန်းချုပ် ထားပါကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ စာရင်း အောက်တွင် ကြွေးမြီနှင့် ပြန်ဆပ်ငွေများ ထည့်သွင်း လျာထားရပါကြောင်း၊ လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှုကော်မရှင်တို့၏ ငွေလုံးငွေလုံး သာမန်အသုံးစရိတ်များ အားလုံးကိုလည်း ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာနအောက်တွင် ထည့်သွင်းပြီး တောင်းခံပေးရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဘဏ္ဍာ ရေးနှင့် အခွန်ဝန်ကြီးဌာန၏ စာရင်းတွင် ငွေကျပ် ၂၀၃၃ ဘီလီယံပေါ်ပေါက်နေခြင်း ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တင်သွင်းခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဟန်ဝင်းအောင်က အစီရင်ခံစာတွင်ပါရှိ သည့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် သတ်မှတ် ပမာဏရရှိရေး ကြိုးပမ်းအကောင်အထည်ဖော်သင့် ကြောင်း သဘောထားမှတ်ချက်နှင့် စပ်လျဉ်းပြီး ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် အဆိုပါခန့်မှန်းချက် ပမာဏရရှိရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့်ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံစီးပွားဖြစ်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်စေရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ လမ်းပန်း ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ လူ့စွမ်း အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကဏ္ဍများတွင် ပိုမိုအကျိုးရှိစေရန် အလေးထားဆောင် ရွက်သင့်ကြောင်း ဆွေးနွေးချက်နှင့်စပ်လျဉ်းပြီး နိုင်ငံတော်၏အသုံးစရိတ်မူဝါဒတွင် အဆိုပါကဏ္ဍများ ကို အဓိကဦးစားပေး ထည့်သွင်းဆောင်ရွက်ထားရှိပါ ကြောင်း၊ ဘဏ္ဍာနှစ် ကုန်ဆုံးရန် ၄ လခန့်သာကျန်ရှိ သည့်အချိန်သည် စီမံကိန်းအသစ်များအတွက် အလွန်တိုတောင်းသော ကာလဖြစ်သဖြင့် ဖြည့်စွက် ခွင့်ပြုငွေများကို ထပ်မံခွင့်ပြုခြင်းသည် ဘဏ္ဍာငွေကို အချိန်မီထိရောက်စွာနှင့် အကျိုးရှိစွာ သုံးစွဲနိုင်မည် ဆိုသည့်အချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တင်ပြ တောင်းခံသည့် ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက် မည့်ဒေသ၊ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ ဖြည့်စွက်ခွင့်ပြုကာလအတွင်း အမှန်တကယ်ဆောင် ရွက်နိုင်မည့် လုပ်ငန်းပမာဏနှင့် တာဝန်ယူမှုတို့ဖြင့် စိစစ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အဆိုပါဥပဒေကြမ်း၏ ရငွေသုံးငွေ များ၊ ဥပဒေအကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုပြုချက် အပေါ်အခြေခံပြီး တစ်ပိုဒ်ချင်းစီအလိုက် အဆို တင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာခွဲဝေသုံးစွဲရေး ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် ပြည်ထောင်စု လွှတ်တော်သို့တင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ ကန့်ကွက်သူရှိသည့်အတွက် စက်ခလုတ်နှိပ် အသုံးပြု၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၈၁ မဲ၊ ကန့်ကွက်မဲ ၁၉ မဲ၊ ကြားနေမဲ ၂၈ ရှိပြီး ထောက်ခံမဲများသည့်အတွက် ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၂

ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးအမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖေဆောင်မှညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည်သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၄) ကာကွယ်ရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖေဆောင်မှညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ကယခုကဲ့သို့နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် လာရောက်တွေ့ဆုံသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြုံတင်ကန့်သတ်ချက်များ မထားဘဲ တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ် ဆွေးနွေးလျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းနှင့် ပတ်သက်ပြီး တရားဝင် လမ်းကြောင်းဖြင့်သာ နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်လိုကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ ရပ်တည်မှုသည် တရားမဝင် ကုန်သွယ်မှုများအပေါ် အခွန်ကောက်ခံခြင်းနှင့် အွန်လိုင်းလိမ်လည်မှုများမှ ရရှိသည့် ဝင်ငွေများဖြင့် ရပ်တည်နေခြင်းဖြစ်သည့် အတွက် တရားမဝင်ကုန်သွယ်မှုနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရန် နှစ်နိုင်ငံ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်ပြီး တရားမဝင် နယ်စပ် ဖြတ်ကျော်လာသည့် ကိစ္စရပ်များကိုလည်း ထိုင်းနိုင်ငံ အနေဖြင့် ပေါင်းစပ်ဖြေရှင်း ဆောင်ရွက် ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeowက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ အတွင်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုကိစ္စများအတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးကို တရားဝင် လမ်းကြောင်းဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံအား ငြိမ်းချမ်းပြီး ပိုမိုတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ အဖြစ် တွေ့မြင်လိုကြောင်း၊ အွန်လိုင်း လိမ်လည်မှုသည် တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် ကိစ္စဖြစ်သည့်အတွက် နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်ဖက်သိရှိလိုသည်များကို အပြန်အလှန် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖေဆောင်မှညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး သန်းထိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်မျိုးသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေသည် နေပြည်တော်၌ တရားဝင် ခရီးစဉ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံဆက်ဆံရေးတွင် တိုးတက်မှုများ ဖြစ်ထွန်းနေသည့်အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ နယ်စပ်ဒေသတည်ငြိမ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သဘာဝဓာတ်ငွေ့နှင့် စွမ်းအင်ကဏ္ဍ၊ နှစ်နိုင်ငံအကြား ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍ၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကိစ္စ အပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များနှင့် အာဆီယံတွင် နှစ်နိုင်ငံ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပသွားမည့် အခြေအနေ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေမှု၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA လမ်းကြောင်းအတိုင်း ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား အကာအကွယ်ပေးရေး အပါအဝင် ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုဖြင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင်သာမက အာဆီယံတွင် မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍ ပြန်လည်ရရှိရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ တိုးချဲ့ပေးအပ်နေမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နေမှုအပါအဝင် အပြုသဘောဆောင် တိုးတက်မှုများကို အသိအမှတ်ပြုခဲ့ပြီး ထိုင်းနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖေဆောင်မှ လုပ်ငန်းစဉ်များတွင် ဆက်လက် ပံ့ပိုးမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေး၊ မြစ်ရေညစ်ညမ်းမှု အပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ စွမ်းအင်ကဏ္ဍ အပါအဝင် ရင်းနှီးမြှုပ်နှံမှု၊ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်သွယ်ချိတ်ဆက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TICA)မှ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် လိုအပ်သည့် အစည်းအဝေးခန်းမသုံး ပရိဘောဂပစ္စည်းကိရိယာများကို ပေးအပ်သည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးထံ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းလွှာအား ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးH.E. Mr. Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် MGallery Hotel ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကိုကျော်နှင့် တာဝန်ရှိသူများက လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နန္တင်း ၅၅၇ ကေ စိုက်ပျိုးထားရှိ

ကျောက်ဆည် နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးအပြင် အခြားသီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီ၌ နန္တင်း ၅၅၇ ဇက စိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နန္တင်းစိုက်ပျိုးမည်ဆိုပါက မြေကိုညက်အောင် ပြုပြင်ပြီး အကျယ်သုံးပေ၊ အမြင့်တစ်ပေခွဲခန့် မြေပေါင်းများပြုလုပ်၍ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ငါးလက်မအကွာ စိုက်ပျိုးရကြောင်း၊ မြေတစ်ဧက နန္တင်း စိုက်ပျိုးမည်ဆိုပါက နန္တင်းမျိုးဆယ်တောင်းစိုက်ပျိုးရကြောင်း၊ နန္တင်းသည် မြေထဲတွင် အတက်ပွားသည့် သီးနှံဖြစ်သောကြောင့် မြေအစိုဓာတ်ရရှိစေရန် ရေသွင်းပေးရကြောင်း၊ စိုက်ပျိုးပြီး လေးလခန့်တွင် နန္တင်းအပွင့်များ စတင်ပွင့်ပြီး ဈေးကွက်တွင် ရောင်းချပါက နန္တင်းတစ်ဧကတွင် ၆၀ ကျပ် ခြောက်သောင်းနီးပါးခန့် အိုဝင်ငွေရရကြောင်း၊ ရှစ်လကျော်တွင် နန္တင်းအဂက်များ တူးဖော်ရကြောင်း၊ နန္တင်းတစ်ဧကတူးဖော်ပါက နန္တင်းအဂက်အစို တင်းသုံးရာခန့်ထွက်ရှိကြောင်း နန္တင်း စိုက်ပျိုးသည့် တောင်သူ ဦးစိန်မောင်ဝင်းက ပြောသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နန္တင်းများကို မင်းစု၊ စပါယ်တော၊ ရွှေအင်း၊ လေးဆယ်ကုန်း၊ စိုင်မလန်း၊ သင်္ဂီတံ့၊ အရှေ့သာဂရ၊ ကလေး၊ မိုင်းပန်၊ ပြည်တော်သာ၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ ဟံမြင့်မိုရ်၊ လယ်ကြီး၊ ပုန်းညက်ကျေး၊ ကျားကာ၊ သံရွာ၊ ခါးတက်ကုန်း၊ ငှက်တောင်၊ ဆူးလေကုန်း၊ ပေါက်ပင်ကွေ့၊ မြေစိုမိုး၊ ပဲခင်း၊ ပေါင်လောင်ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

(ယာဝုံ)

(၄၈၅)



- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



o-o-o-o

o-o-o-o-o

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေး ဝန်ကြီး မစ္စတာ ဒါနီယာ အီမန်နာလီယက်ဗ်တို့ ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးက မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာအရ နှစ်ဖက်ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ၏ တိုးတက်မှုအခြေအနေများ၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် ဦးစားပေးနယ်ပယ်များ သတ်မှတ်ရေး၊ အပြန်အလှန်အကျိုးရှိစေမည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ဝိုင်းဝန်းဆွေးနွေးအဖြေရှာရေး တို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌဖြစ်သည့် မစ္စတာ ဒါနီယာ အီမန်နာလီယက်ဗ်က ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် နှစ်ဖက်ဆက်ဆံရေးနှင့် ကုန်သွယ်ရေး တိုးတက်လာမှုအခြေအနေများ၊ စက်မှု၊ စိုက်ပျိုးရေး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး၊ ဓလံအင်၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ပို့ဆောင်ရေး ကဏ္ဍများတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဖြင့်တင်ရေး၊ အာဆီယံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ပဂ္ဂလိကကဏ္ဍ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရေးတို့ နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဧော့ဖ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီး မစ္စတာ အူလာဇမီယာ ဘာရာဗီကူတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌများသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများ၏ သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များက နှစ်ဖက်အကြား ကုန်သွယ်ရေးနှင့် စီးပွားရေး၊ စက်မှု၊ ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ အကောက်ခွန်နှင့် စီးပွားရေးလုပ်ငန်း အစရှိသည့် နယ်ပယ် ၅ ခုတွင် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးနှင့် ဘယ်လာရုစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင်နှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက်ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၂

၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ Hilton Hotel ၌ ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် သီရိလင်္ကာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘင်းမ်စတက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ကိုလံဘိုမြို့ရှိ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်သည်။



အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရိုးရာဆီမီးထွန်းညှိ၍ စတင်ဖွင့်လှစ်ခဲ့ပြီး သီရိလင်္ကာနိုင်ငံ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီး H.E. ဒေါက်တာ နာလင်ဒါ ကျာယာတီဆာနှင့် ဘင်းမ်စတက်အထွေထွေအတွင်းရေးမှူးချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် ဘင်းမ်စတက်ဒေသတွင်း ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများနှင့် ဒေသတွင်း ကျန်းမာရေးလုံခြုံမှုအတွက် အတူတကွ ရင်ဆိုင်ဖြေရှင်းနိုင်ရေး မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်မာသောယန္တရားတစ်ခု ပေါ်ပေါက်လာရေး ရည်ရွယ်ကျင်းပခြင်းအပေါ် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ထောက်ခံပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါမှရရှိသည့် အတွေ့အကြုံများ၊ အရေးပေါ်အခြေအနေပေါ်ပေါက်လာမှ တုံ့ပြန်ဆောင်ရွက်ခြင်း ထက် ကြိုတင်ကာကွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ ကြံ့ခိုင်မှုနှင့် ခံနိုင်ရည်ရှိအောင် ဆောင်ရွက်ခြင်းများကို အလေးပေးအကောင်အထည်ဖော်မည့် ဘင်းမ်စတက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၇-၂၀၃၀)ကိုလည်း ကြိုဆိုပါကြောင်း၊ လုပ်ငန်းအစီအစဉ်အရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်ကျန်းမာရေး ပူးပေါင်းဆောင်ရွက်သည့် "One Health Approach" အခြေခံ၍ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာအသုံးပြုရောဂါဖြစ်ပွားမှုကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကြိုတင်သတိပေးခြင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်နေသည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ပိုးသတ်ဆေးယဉ်ပါးမှုပြဿနာများကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ဆောင်ရွက်ရေး၊ အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လေ့ကျင့်သင်ကြားရေးစသည့် ကိစ္စရပ်များကို အတူတကွ ယခင်ကထက် ပိုမိုအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြားနှင့် ဒေသတွင်း နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည် အဆင့်မြှင့်တင်ရန်၊ အတွေ့အကြုံကောင်းများ ဖလှယ်ရန်အတွက် သီရိလင်္ကာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးပညာဆိုင်ရာ၊ ထိုင်းနိုင်ငံတွင် အပူပိုင်းဒေသဆေးပညာရပ်ဆိုင်ရာနှင့် အိန္ဒိယနိုင်ငံတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာစင်တာများ(Centers of Excellence) တည်ထောင်မည့်အစီအစဉ်၌လည်း မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆင့်ဆင့်ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ သီရိလင်္ကာသမ္မတနိုင်ငံ ဝန်ကြီးချုပ်အား သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ညပိုင်းတွင် အိမ်ရှင် သီရိလင်္ကာနိုင်ငံ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် သီရိလင်္ကာနိုင်ငံ ကျန်းမာရေး၊ သတင်းနှင့် ပြန်ကြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၀ ရက်တွင်လည်း ပထမအကြိမ် ဘင်းမ်စတက် ကျန်းမာရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁၂

မန္တလေးပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျောင်းသားလူငယ်များ၊ အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ပုံပြော စသည့် ပြိုင်ပွဲများကို ကျင်းပရာ မြို့နယ်တဝှမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက အမှတ်(၂၇)အခြေခံပညာ မူလတန်းလွှန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမား ပပျောက်ရေးအကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် စာအုပ်၊ စာစောင်နှင့် နံရံကပ်ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြသည်။ **(ယာဝုံ)**

ဆက်လက်၍ ပုံပြော၊ ကဗျာရွတ်၊ ကျပန်း၊ စာဖတ်စွမ်းရည် ပြိုင်ပွဲ၊ စာဖတ်ပိုင်း၊ စာစီစာကုံး၊ ဆေးရောင်ခြယ် ပြိုင်ပွဲများကို ကျင်းပခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင် Grade-7 မှ ကျောင်းသား၊ ခဲ့ကြောင်း သိရသည်။ **ရွှေရုန်ကင်း**



နယ်စပ်ဒေသတွင်အခြေပြု၍ တရုတ်နိုင်ငံသားများအား ပစ်မှတ်ထားလိမ်လည်နေသော Online Scam Center များ ဆက်လက်ရှင်သန်ခွင့်မရစေရေး ပြည်သူနှင့် ပူးပေါင်းနှိမ်နင်း

နေပြည်တော် နိုဝင်ဘာ ၁၂

အွန်လိုင်း လိမ်လည်လောင်းကစားမှုသည် သာမန်ငွေကြေးလိမ်လည်မှု တစ်ခုသာမဟုတ်ဘဲ နည်းပညာ၊ သတင်းအချက်အလက်၊ စီးပွားရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့်ပါ ဆက်စပ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ ဒေသတွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ ထိရောက်ပြတ်သားစွာ နှိမ်နင်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိရောက်ပြတ်သားစွာ ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်၍ဖြစ်စေ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ ဝင်ရောက်လာကြပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြသည့် ပြည်ပနိုင်ငံခြားသား အများအပြားကို ရှမ်းပြည်နယ် နယ်စပ်ဒေသ အသီးသီး၌ ၎င်းတို့အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ပြည်ပနိုင်ငံသားများတွင် တရုတ်နိုင်ငံသားများ အများဆုံးပါဝင်လျက်ရှိကြောင်း သိရှိရသည်။

၂၀၂၆ ခုနှစ် ဩဂုတ်လ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အတွင်း ရှမ်းပြည်နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၇၅၉ ဦးအနက် ၅၀၂ ဦးသည် တရုတ်နိုင်ငံသားများ ဖြစ်ကြပြီး သိမ်းဆည်းရမိခဲ့သည့် ကွန်ပျူတာနှင့် ဖုန်းများအတွင်း တွေ့ရှိချက်များနှင့် ၎င်းတို့အား စိစစ်မှုများအရ ၎င်းတို့၏ တရုတ်နိုင်ငံသား အချင်းချင်းကိုသာ အဓိကပစ်မှတ်ထားပြီး အင်တာနက်၊ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေး နည်းပညာများကို အသုံးချ၍ လူတစ်ဦးချင်းစီ၏ ယုံကြည်မှု၊ စိတ်ခံစားမှုနှင့် ငွေကြေးဆိုင်ရာ အကျိုးအမြတ်မျှော်လင့်ချက်များကို အခွင့်ကောင်းယူကာ ငွေကြေးလိမ်လည်ခြင်းများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ ကျူးလွန်လုပ်ဆောင်ရာတွင်လည်း တရုတ်နိုင်ငံသားများသာ အဓိကအသုံးပြုသည့် မိတ်ဆွေဖွဲ့ Application နှင့် Chat Application များဖြစ်သည့် Safe Wi QQ၊ Yuanbao၊ Dou Yu၊ Feishu၊ Safe Xi Wechat၊ Litmatch နှင့် Telegram စသည့် Application များကို အသုံးပြုလေ့ရှိကြောင်း သိရှိရသည်။





လိမ်လည်သူများအသုံးပြုမည့် ရရှိသည့် အကျိုးအမြတ်ဖြင့် ပြည်သူလူထုအား ထောက်ပံ့ကူညီလျက်ရှိကြောင်း ရိုက်ကူးထားသည့်ဓာတ်ပုံ။

လိမ်လည်သူများ အသုံးပြုရန်အတွက် လိမ်လည်မည့် ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။

ဖမ်းဆီးရမိသူများအား စိစစ်ချက်များအရ ပစ်မှတ်ရွေးချယ်ခြင်းအပိုင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်း အပိုင်းတွင် ၎င်းတို့သည် အသိပညာနည်းပါးသူ၊ နည်းပညာအားနည်းသူနှင့် လောဘစိတ်ရှိသူများကို အဓိက ပစ်မှတ်ထားရှာဖွေလေ့ရှိကြောင်း၊ ပစ်မှတ်များအား ရွေးချယ်ပြီးနောက် ချဉ်းကပ်ရမည့်ပုံစံနှင့် လိမ်လည်ရမည့်ပုံစံအား ချမှတ်နိုင်ရန် ပစ်မှတ်၏ အသက်အရွယ်၊ ဝါသနာ၊ အလုပ်အကိုင်တို့အပေါ် မူတည်၍ ခွဲခြားသတ်မှတ်ပြီး ပစ်မှတ်ထားခံရသူများ၏ယုံကြည်မှုကို ရရှိစေရန်နှင့် ရင်းနှီးသော ဆက်ဆံရေးတစ်ရပ် တည်ဆောက်နိုင်ရန် ကြိုးပမ်းကြကြောင်း၊ ပစ်မှတ်၏ လူမှုအဆင့်အတန်း၊ အလုပ်အကိုင်၊ ဝါသနာနှင့် စိတ်ဝင်စားမှုများအပေါ်မူတည်၍ ၎င်းတို့၏ အယောင်ဆောင်ပုံစံကို သတ်မှတ်ကြကြောင်း၊ စစ်ဘက်၊ ရဲဘက်ဆိုင်ရာ ရာထူးအာဏာရှိသူများ၊ လုပ်ပိုင်ခွင့်ရရှိသူ အစိုးရ ဝန်ထမ်းများ၊ ငွေကြေးချမ်းသာကြွယ်ဝသည့် ကုမ္ပဏီပိုင်ရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာတတ်လူတန်းစားများ၊ နည်းပညာကျွမ်းကျင်သူများ၊ ရုပ်ရည်ချောမောလှပသူများ စသည်ဖြင့် အယောင်ဆောင်ကြကြောင်း၊ လိမ်လည်မည့် ဇာတ်ကောင်အပေါ် မူတည်၍ လိုအပ်သည့် ဓာတ်ပုံများ၊ အထောက်အထား စာရွက်စာတမ်းများ၊ လူနေမှုဘဝပုံစံများကို သဘာဝကျအောင် ကြိုတင်ဖန်တီးထားကြောင်း သိရှိရသည်။

ယင်းနောက် ကြိုတင်ဖန်တီးထားသည့် ဇာတ်ကောင်၏လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့် အတွေ့အကြုံများအား ပြောပြခြင်းဖြင့် တဖြည်းဖြည်း ခင်မင်မှုနှင့် ယုံကြည်မှုရရှိအောင် ချဉ်းကပ်ကြပြီး တစ်ချိန်တည်းတွင် ပစ်မှတ်၏ ဝါသနာ၊ စိတ်ပါဝင်စားမှုနှင့် ဘဝဇာတ်ကြောင်းများကိုလည်း မေးမြန်းကာ ပစ်မှတ်အကြောင်း ပိုမိုနားလည်သိရှိအောင်ဆောင်ရွက်၍ စိတ်တူကိုယ်တူရှိသူများအဖြစ် ဟန်ဆောင်လျက် ရင်းနှီးမှုနှင့် ယုံကြည်မှုရရှိအောင် တည်ဆောက်ကြကြောင်း သိရှိရသည်။

ဆက်လက်၍ လိမ်လည်မှု နည်းလမ်းများ ပြုလုပ်ခြင်းအနေဖြင့်လည်း ပစ်မှတ်ထားခံရသူများနှင့် ယုံကြည်မှုတည်ဆောက်ပြီး ၎င်းတို့၏ အသက်အရွယ်၊ လူမှုအဆင့်အတန်း၊ စိတ်ခံစားမှုနှင့် လိုအင်ဆန္ဒများအပေါ် မူတည်၍ လိမ်လည်မှုပြုလုပ်မည့် နည်းလမ်းများကို ပြောင်းလဲအသုံးပြုကြကြောင်း၊ ပစ်မှတ်သည် အသက်ငယ်ရွယ်သူဖြစ်ပါက ရုပ်ရည်ချောမောလှပသော ဆန့်ကျင်ဘက်လိင်အဖြစ် သရုပ်ဆောင်ချဉ်းကပ်ပြီး အသက်အရွယ်ကြီးသူဖြစ်ပါက အထင်ကြီးလေးစားမှုရရှိစေရန် နိုင်ငံ့ဝန်ထမ်း သို့မဟုတ် စီးပွားရေး လုပ်ငန်းရှင်အဖြစ် အယောင်ဆောင်၍ ယုံကြည်မှုရရှိအောင် ပြုလုပ်ကြကြောင်း၊ အသက်ငယ်ရွယ်သည့် ပစ်မှတ်ဖြစ်ပါက နေ့စဉ်အဆက်အသွယ်ပြုလုပ်ခြင်း၊ ဂရုစိုက်ကြင်နာသည့် စကားများ ပြောဆိုခြင်းတို့ဖြင့် ချစ်သူရည်းစားသဖွယ် ဆက်ဆံရေးရရှိလာသည့်အခါ မိသားစုအရေးပေါ်အခြေအနေ၊ ကျန်းမာရေး ပြဿနာ၊ စီးပွားရေး အဆင်မပြေမှု စသည့် အကြောင်းပြချက်များဖြင့် ငွေကြေးအကူအညီ တောင်းခံကြကြောင်း၊ အချို့သည် အနာဂတ်တွင် လက်ထပ်ပေါင်းသင်းရန် ကတိပြုပြောဆိုကာ ငွေကြေးအကူအညီများ ထပ်မံတောင်းခံကြကြောင်း၊ ငွေကြေးရရှိပြီးနောက် ဆက်သွယ်မှုဖြတ်တောက်ခြင်း၊ အကောင့်ပိတ်သိမ်းခြင်း သို့မဟုတ် အကြောင်းပြချက် အသစ်များဖြင့် ငွေထပ်မံတောင်းခံခြင်းများ ပြုလုပ်ကြကြောင်း သိရှိရသည်။

လောဘစိတ် ရှိသူများကို လိမ်လည်မှုအပိုင်းတွင် မိမိတို့တွင် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှိကြောင်း သွေးဆောင်စည်းရုံးကာ အမြတ်အစွန်းများစွာ ရရှိနိုင်သည်ဟု ယုံကြည်အောင် ပြောဆိုကြကြောင်း၊ ထို့ပြင် အခြားသူများ ရင်းနှီးမြှုပ်နှံပြီး အကျိုးအမြတ်ရရှိနေကြောင်း ထင်မြင်စေမည့် အထောက်အထား အတုများ၊ မှတ်တမ်းအတုများနှင့် အွန်လိုင်း စာမျက်နှာအတုများကို အသုံးပြုကြကြောင်း၊ ပစ်မှတ်ထားခံရသူက စိတ်ဝင်စားလာပါက ၎င်းတို့ ဖန်တီးထားသည့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရသည့် Application များနှင့် စတော့ရှယ်ယာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပါက အမြတ်အစွန်း ပြန်လည်ရရှိမည်ဖြစ်ကြောင်းပြောဆို၍ အခြားသူများလည်း ရင်းနှီးမြှုပ်နှံထားကြောင်း ယုံကြည်မှုရှိစေရန် အဖွဲ့လိုက် ဓာတ်ပုံများပေးပို့၍ ဆွဲဆောင်စည်းရုံးကြကြောင်း၊ လုပ်ငန်းမှ ရရှိသည့် အမြတ်အစွန်းများဖြင့် ထောက်ပံ့ရေးပစ္စည်းများ

စာမျက်နှာ ၉ သို့ ❐



ကံစမ်းမဲအထူးအစီအစဉ်ဟုပြောဆိုကာ Link အတုများ ပေးပို့၍ လိမ်လည်ပုံ။



လိမ်လည်သူများ အသုံးပြုရန်အတွက် လိမ်လည်မည့် ဇာတ်ကောင်နှင့်ကိုက်ညီသည့် ဓာတ်ပုံအထောက်အထားများ ကြိုတင်စုဆောင်းထားမှု မှတ်တမ်းဓာတ်ပုံများ။

❒ စာမျက်နှာ ၈ မှ

လှူဒါန်းမှုဓာတ်ပုံများ ပြုလုပ်၍လည်း အမှန်တကယ် အကျိုးအမြတ်ရရှိသည့်အပြင် အများအကျိုးပြုနိုင်သည့် လုပ်ငန်းအဖြစ် အထင်ကြီးလေးစားမှု ရှိစေရန် ပြုလုပ်ကြကြောင်း၊ ၎င်းတို့သည် အစပိုင်းတွင် ပိုမိုယုံကြည်လာစေရန် အမြတ်အစွန်းများ ပြန်လည်ထုတ်ပေးသော်လည်း ရင်းနှီးမြှုပ်နှံသူများပြားလာပါက Application များ ဖျက်သိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုငွေများ ပြန်လည်ထုတ်မပေးခြင်းနှင့် ငွေကြေးစီးဆင်းမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခြင်းများပြုလုပ်၍ လိမ်လည်လေ့ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

ထို့ပြင် **ကံစမ်းမဲ၊ ဆုကြေးငွေကို မက်လုံးပေး၍ လိမ်လည်မှုအနေဖြင့်** ဖုန်းစာတို (SMS)၊ အီးမေးလ် (Email)နှင့် Viber Telegram စသည့် လူမှုကွန်ရက်နှင့် ဆက်သွယ်ရေး Application များကို အသုံးပြု၍ Website Link အတုများ ပေးပို့ကာ လိမ်လည်သည့်နည်းကို လည်း ပြုလုပ်လေ့ရှိကြောင်း၊ ပစ်မှတ်ထားခံရသူများ၏ စိတ်ဝင်စားမှုနှင့် ယုံကြည်မှုကိုရရှိစေရန် ဆုငွေလက်ဆောင်နှင့် ငွေသားဆုများ ကံစမ်းမဲပေါက်မှု အကြောင်းပြ၍ သံသယဖြစ်ဖွယ် Website Link များကို ပေးပို့ကြပြီး ထိုသို့ ပေးပို့ရာတွင် အချို့သော လိမ်လည်သူများသည် ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ အစိုးရဌာနများနှင့် နာမည်ကြီး ကုမ္ပဏီများ၏အမည်၊ အမှတ်တံဆိပ်(Logo)နှင့် Website ပုံစံများကို တုပဖန်တီးကာ တရားဝင် Website တစ်ခုကဲ့သို့ ထင်မြင်စေရန်ပြုလုပ်၍ လိမ်လည်ကြကြောင်း သိရှိရသည်။

အွန်လိုင်းမှ တစ်ဆင့် **လောင်းကစားဝါသနာပါသူများကို လိမ်လည်မှုအပိုင်းတွင်** လူမှုကွန်ရက်များမှတစ်ဆင့် အွန်လိုင်းလောင်းကစားနှင့် ဂိမ်းပလက်ဖောင်းများကို ကြော်ငြာခြင်း၊ အနိုင်ရရှိနိုင်ခြေမြင့်မားကြောင်းနှင့် ငွေကြေးထည့်ဝင်ပါက အမြတ်အစွန်းများ ရရှိနိုင်ကြောင်း မက်လုံးပေးပြောဆိုခြင်းတို့ ပြုလုပ်ကြကြောင်း၊ ထို့ပြင် အချို့သော ပလက်ဖောင်း အတုများတွင် အသုံးပြုသူများ အနေဖြင့် အနိုင်ရရှိနေသကဲ့သို့ ဂိမ်းရလဒ်များ၊ ငွေလက်ကျန်များနှင့် အမြတ်အစွန်းများကို ဖန်တီးပြသကာ ယုံကြည်မှုရရှိစေရန် လုပ်ဆောင်ကြကြောင်း သိရှိရသည်။

အလုပ်အကိုင် အခွင့်အလမ်း မက်လုံးပေး၍ လိမ်လည်ရာတွင် အိမ်တွင်နေထိုင်ရင်း အလုပ်လုပ်ကိုင်နိုင်ခြင်း၊ အချိန်ပိုင်း အလုပ်များဖြင့် ဝင်ငွေကောင်းစွာ ရရှိနိုင်ခြင်း၊ အထူးကျွမ်းကျင်မှုနှင့် အတွေ့အကြုံမလိုအပ်ဘဲ လစာမြင့်မားစွာ ရရှိနိုင်ခြင်းစသည့် မက်လုံးပေး ကြော်ငြာမှုများဖြင့် ဆွဲဆောင်ကြပြီး အလုပ်အကိုင် ရရှိရန် မှတ်ပုံတင်ကြေး၊ အာမခံကြေး၊ သင်တန်းကြေးနှင့် လုပ်ငန်းဆောင်ရွက်ခများ ပေးသွင်းရန် တောင်းဆိုခြင်း၊ အလုပ်တာဝန်များ ဆောင်ရွက်ပြီးစီးပါက လုပ်ခလစာနှင့် အကျိုးအမြတ်များရရှိမည်ဟု ပြောဆိုခြင်းတို့ဖြင့် ငွေကြေးပေးသွင်းစေရန် လိမ်လည်ကြကြောင်း၊ အချို့ဖြစ်ရပ်များတွင် သဘာဝကျစေရန် အလုပ်အတွက် ကိုယ်ရေးအချက်အလက်၊ မှတ်ပုံတင်အချက်အလက်နှင့် ဘဏ်အကောင့်အချက်အလက်များကိုပါ တောင်းခံအသုံးပြုကြကြောင်း သိရှိရသည်။



အွန်လိုင်းအသုံးပြုငွေကြေးလိမ်လည်သူများ ပစ်မှတ်ရှာဖွေရာတွင် အသုံးပြုသည့် မိတ်ဆွေဖွဲ့ Application များနှင့် Chat Application များ။

ထို့အပြင် ယခုနောက်ပိုင်းတွင် အဆင့်မြင့် AI နည်းပညာများကို အထောက်အကူပြု ကိရိယာတစ်ခုအဖြစ် အသုံးချလာကြကြောင်း၊ အထူးသဖြင့် AI ဖြင့် လူပုဂ္ဂိုလ်များ၏ မျက်နှာပုံရိပ်နှင့် အသံများကို တုပဖန်တီးနိုင်သော Deepfake နည်းပညာကို အသုံးပြု၍ ထင်ရှားကျော်ကြားသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် အစိုးရတာဝန်ရှိသူများ၏ အမည်၊ ရုပ်ပုံနှင့် အသံများကို အလွဲသုံးစားပြုကာ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ယုံကြည်စိတ်ချရသည့်အစီအစဉ်များဖြစ်သကဲ့သို့ ဖန်တီးကြော်ငြာကြကြောင်း၊ သတင်းဌာနများ၏ တရားဝင် Website နှင့် ပုံစံတူ Website အတုများကို ဖန်တီး အယောင်ဆောင်ပြီး ထင်ရှားကျော်ကြားသူများ၏ အင်တာဗျူး အတုများ၊ သတင်းဆောင်းပါး အတုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြော်ငြာအတုများကို ဖော်ပြကာ အဆိုပါပုဂ္ဂိုလ်များက ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို အမှန်တကယ် ထောက်ခံ အားပေးနေသကဲ့သို့ လှည့်ဖြားဆွဲဆောင်မှုများ ပြုလုပ်ကြကြောင်း သိရှိရသည်။



လိမ်လည်ရာတွင် အသုံးပြုရန် ပြင်ဆင်ထားသည့် တရုတ်ယွမ်ငွေဓာတ်ပုံများ။

အဆိုပါ အွန်လိုင်းငွေကြေး လိမ်လည်မှု လုပ်ငန်းများသည် နယ်စပ်ဒေသရှိ သောင်းကျန်းသူအဖွဲ့များ အခြေပြုသည့် ဥပဒေကင်းလွတ်ရာ နယ်မြေများတွင် အဓိကအခြေပြု လုပ်ကိုင်လေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော ရာဇဝတ်မှုခင်းများ ဖြစ်သည့်အပြင် ၎င်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သောရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ လိမ်လည်သူများအနေဖြင့် လိမ်လည်ခြင်းများ ပြုလုပ်ရာ၌ ပစ်မှတ်များ၏ ပညာအရည်အချင်းနည်းပါးမှု၊ အသိပညာခေါင်းပါးမှု၊ နည်းပညာမကျွမ်းကျင်မှုနှင့် အမြတ်အစွန်းရလိုသည့် လောဘစိတ်တို့အပေါ် မူတည်၍ လိမ်လည်နည်းများကို ပေါင်းစပ်အသုံးပြုလေ့ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအတွင်း အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ကြသူ အများစုအနေဖြင့် နိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများအပြင် အခြားသော ဒုစရိုက်မှုမျိုးစုံကို ဆိုးရွားစွာ ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါ အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို ကျူးလွန်ခဲ့ကြသူများသည် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ်လာရောက်လုပ်ကိုင်ရင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ထွက်ပြေးတိမ်းရှောင်နေကြသူများ ဖြစ်ကြောင်း သိရှိရသည်။ ၎င်းတို့အနေဖြင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်ပွားမှု နောက်ပိုင်းတွင်မှ မြန်မာနိုင်ငံနယ်စပ်ရှိ လက်နက်ကိုင် အကြမ်းဖက် ပူးပေါင်းအဖွဲ့များ အခြေချ နေထိုင်လျက်ရှိသော ရှမ်းပြည်နယ် ဒေသများသို့ တစ်ဖက်နိုင်ငံမှ တစ်ဆင့် တရားမဝင် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့များ ဝင်ရောက်လုပ်ကိုင်မှု အပေါ် အကြမ်းဖက်အဖွဲ့များ အနေဖြင့် နိုင်ငံနှင့်ဒေသအပေါ် ကြီးမားစွာ ထိခိုက်နစ်နာမှုများကို လျစ်လျူရှု၍ မြေနေရာပေးခြင်း၊ အကာအကွယ်ပေးထားခြင်းများရှိသည်ကို တွေ့ရှိရသည်။

ထို့ပြင် အဆိုပါလုပ်ငန်းများသည် နိုင်ငံတကာငွေကြေးစီးဆင်းမှုနှင့် ဒီဂျစ်တယ်နည်းပညာများကို အသုံးချ၍ နယ်စပ်ဖြတ်ကျော်လုပ်ကိုင်နေသည့် အတွက် လိမ်လည်ခံရသူများ၏ ငွေကြေးဆုံးရှုံးမှုကို ဖြစ်ပေါ်စေရုံသာမက ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုကဲ့သို့သော ဆက်စပ်မှုခင်းများကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ အထူးသဖြင့် အဆိုပါ Scam Center များတွင် နိုင်ငံအသီးသီးမှ လူများကို အလုပ်အကိုင်ကောင်းများ ရရှိမည်ဟု လိမ်လည်ခေါ်ယူပြီးနောက် အွန်လိုင်းလိမ်လည်မှုများတွင် အတင်းအကျပ် ပါဝင်လုပ်ကိုင်စေသည့် ဖြစ်စဉ်များ လည်းရှိနေကြောင်း သိရှိရပြီး ယင်းအခြေအနေများ ကြောင့် အွန်လိုင်းလိမ်လည်မှုသည် နိုင်ငံတစ်နိုင်ငံတည်း၏ ပြည်တွင်းမှုခင်းပြဿနာ အဖြစ်သာမက နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးကဏ္ဍများကိုပါ ခြိမ်းခြောက်လာသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရ အနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ အနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေမှုများအား သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်း လိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် အွန်လိုင်းမှ တစ်ဆင့်ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အတည်ပြုခြင်း၊ မသက်ဖွယ်ရာ Link များကို ရှောင်ကြဉ်ခြင်း၊ Password နှင့် OTP ကဲ့သို့သော ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ အနေဖြင့်လည်း ပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် စုံစမ်းရှာဖွေဖော်ထုတ်ခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



လိမ်လည်ရာတွင် အသုံးပြုရန် ပြင်ဆင်ထားသည့်ရွှေတုံးဓာတ်ပုံများ။



နည်းပြ ကာရစ်ကို နည်းပြရာထူးမှ မန်ယူအသင်းထုတ်ပယ်

လန်ဒန် နိုဝင်ဘာ ၁၃

မန်ယူအသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြ ကာရစ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်(၁၀)ပွဲကစားအပြီးတွင် ရမှတ်၈မှတ်ဖြင့် အဆင့်(၁၈) တန်းဆင်းဇုန်နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားခြင်းကြောင့် နည်းပြ ကာရစ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြကာရစ်သည် မန်ယူအသင်းကို ၂၀၂၆ခုနှစ် ဇန်နဝါရီ ၁၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၂ပွဲတွင် ၁၅ပွဲနိုင်၊ ၈ပွဲသရေ၊ ၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

မန်ယူအသင်းထုတ်ပြန်ချက်တွင် ‘ကာရစ်ကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ’ဟု ထုတ်ပြန်သည်။

(NGB)

ကားပေါ်သို့ သစ်ပင်လဲကျမှုဖြစ်ပွား၊ မီးသတ်တပ်ဖွဲ့က ဖယ်ရှားရှင်းလင်း

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂လမ်းနှင့် ၁၁၅လမ်းကြားတွင် ကားတစ်စီးပေါ်သို့ သစ်ပင်လဲကျမှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ဖယ်ရှားရှင်းလင်းပေးခဲ့သည်။



နိုဝင်ဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သစ်ပင်တစ်ပင် ကားပေါ်သို့ လဲကျနေကြောင်း သတင်းရရှိသဖြင့် သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကူညီခဲ့ကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ကားပေါ်သို့ လဲကျနေသည့် သစ်ပင်အား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာ ရရှိမှု မရှိခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ကျော်ဇေယျ(မန္တလေးနေ့စဉ်)

--*-*-*-*-*



Air-Con Safe Guard အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၆/ခ)၊ ၅လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေးဆိုင်တွင် Air- Con Safe Guard အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု နိုဝင်ဘာ ၈ ရက် ည ၁၁နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူးဦးဇော်မျိုးထက် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ၂၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၃၀ ဦးသည် မီးငြိမ်းသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် (၁၅ပေ×ပေ၂၀)Steel Structure သွပ်မိုး၊ သွပ်ကာတစ်ထပ်အဆောက်အအုံနှင့် လျှပ်စစ်ပစ္စည်းများ မီးလောင်ကျွမ်းခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူအား အမှတ်(၄)နယ်မြေရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၅၇)**

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

မိုးကောင်းမြို့တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ မိုးကောင်းမြို့၊ ဖိုးချစ်ကုန်းရပ်ကွက်တွင် စိန်ဝင်း မောင်းနှင်ပြီး မကေကေဝင်း(ခ)မကေ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၁၁၇၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိန်ဝင်း(၄၅)နှစ်နှင့် မကေကေဝင်း(ခ)မကေ(၄၁)နှစ်တို့အား မိုးကောင်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





ရွာငံမြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက သက်သေများနှင့်အတူ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် သန်းထိုက်အောင် မောင်းနှင်ပြီး မခင်သီတာအောင်(ခ)မီးမီး လိုက်ပါလာသည့် SUZUKI CARRY အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၆၀၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းထိုက်အောင်(၃၈)နှစ်နှင့် မခင်သီတာအောင်(ခ)မီးမီး(၅၄)နှစ်တို့အား ရွာငံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အောင်ချမ်းသာကျေးရွာအရောက်၌ အဆိုပါကျေးရွာနေ ဦးဝင်းတင့်(၄၈)နှစ်ဆိုသူသည် အရိုး၊ အသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကိုင်ဆောင်၍ ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဝင်းတင့်ဆိုသူအား အေလာနယ်မြေရဲစခန်းမှ လက်နက်ဥပဒေဖြင့် လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ပုသိမ်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ကန်ကောက်ရွာဟောင်း ကျေးရွာလမ်းမပေါ်အရောက်၌ အဆိုပါကျေးရွာနေ ဦးခင်မောင်သိန်း(၄၁)နှစ်ဆိုသူသည် အရိုး၊ အသွား ၁၁ လက်မ ခန့်ရှိ ဓားဦးချွန်နှစ်ချောင်း ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်မောင်သိန်းဆိုသူအား ပုသိမ်ကြီးမြို့မရဲစခန်းမှ လက်နက်ဥပဒေဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ပဲခူး နိုဝင်ဘာ ၁၂

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ဘုရားကြီး(၃) ရပ်ကွက်၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ မိုင်တိုင်အမှတ် ၄၄ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးမြို့မှ ဘုရားကြီးမြို့ဘက်သို့ ပဲခူးမြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ဦးဇာနည်အောင်(၄၉)နှစ်ဆိုသူ မောင်းနှင်ပြီး ဒေါ်အေမီကျော်(၄၈)နှစ်နှင့် မစံအိဖြူလင်း(၅)နှစ်ဆိုသူတို့ လိုက်ပါလာသော TOYOTA MARK-II အမျိုးအစားမော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းလယ်ယာဉ်ကြောမှ ပဲခူးမြို့ဘက်သို့ '၈' ကွေ့ပြန်ကွေ့စဉ် လားရာတူ ပဲခူးမြို့မှ ဘုရားကြီးမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဖြိုးအောင်(၃၂)နှစ်ဆိုသူ မောင်းနှင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ သံတံတားရပ်ကွက်နေ ဒေါ်ရွှေဇင်ဦး(၃၃)နှစ်ဆိုသူ လိုက်ပါလာသော TOYOTA WISH အမျိုးအစားမော်တော်ယာဉ်မှ လမ်းလယ်စည်းအားကျော်လွန်၍ ရှေ့ယာဉ်အား ကျော်တက်ကာ မိမိယာဉ်ကြောသို့ ပြန်လည်ဝင်ရောက်စဉ် '၈' ကွေ့ ကွေ့နေသော TOYOTA MARK II မော်တော်ယာဉ်၏ ဝဲဘက်ကိုယ်ထည်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်အေမီကျော်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးဇာနည်အောင်၊ မစံအိဖြူလင်း၊ ဦးဖြိုးအောင်နှင့် ဒေါ်ရွှေဇင်ဦးဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မော်တော်ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာ မောင်းနှင်သူ ဖြိုးအောင်နှင့် ဇာနည်အောင်ဆိုသူတို့နှစ်ဦးအား ဘုရားကြီးနယ်မြေရဲစခန်းတွင် ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



မီးမရိုသေ သုံးစွဲလေ မွဲတေဆင်းရဲမည်။

နိုင်ငံတကာ အားကစား သတင်းများ

ပရီးမီးယားလိဂ် ပွဲစဉ်(၁၀)၏ အကောင်းဆုံးကစားသမားဆုကို အယ်လစ်ဆန် ဆွတ်ခူး



လန်ဒန် နိုဝင်ဘာ ၁၂

ပရီးမီးယားလိဂ် ပွဲစဉ်(၁၀)၏ အကောင်းဆုံးကစားသမားဆုကို လီဗာပူးအသင်း ဂိုးသမား အယ်လစ်ဆန်က ဆွတ်ခူးခဲ့သည်။

အဆိုပါဂိုးသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ကာကွယ်မှု ခြောက်ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဂိုးသမား အယ်လစ်ဆန်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄၇ ပွဲကစားပြီး တစ်ဂိုးသွင်းယူပြီး လက်စွမ်းပြထားသည်။

အသက်(၃၄)နှစ်အရွယ်ရှိ အယ်လစ်ဆန်က ၎ကျွန်တော်အခုလို ပွဲစဉ်(၁၀) အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေ အပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ ၎ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

ဂျိမ်းစ်ဟေးလ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံရ



လန်ဒန် နိုဝင်ဘာ ၁၂

ဘုန်းမောက်အသင်းနောက်ခံကစားသမား ဂျိမ်းစ်ဟေးလ်သည် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျိမ်းစ်ဟေးလ်က ၎ကျွန်တော်အခုလို လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လက်ရွေးစင်အသင်းနှင့်အတူ အောင်မြင်မှုတွေ ရရှိအောင်လည်း ကြိုးစားသွားမှာပါ ၎ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

လင်ဒီလော့ဖ် အက်စတွန်ဗီလာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် နိုဝင်ဘာ ၁၂

အက်စတွန်ဗီလာအသင်းသည် အသင်းနောက်ခံကစားသမား လင်ဒီလော့ဖ်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ နောက်ခံကစားသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ပွဲ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ လင်ဒီလော့ဖ်က ၎ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ် ၎ဟု ပြောသည်။

(ဝဲပုံ) (NGB)

ဟားကပ်စ်သူရမ် ဒဏ်ရာကြောင့် ပြင်သစ်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်

ပါရီ နိုဝင်ဘာ ၁၂

အင်တာမီလန်အသင်းတိုက်စစ်မှူး မားကပ်စ်သူရမ်သည် ကြွက်သားဒဏ်ရာကြောင့် ပြင်သစ်လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည်။



အဆိုပါ တိုက်စစ်မှူးသည် ကလပ်အသင်းဖြစ်သည့် အင်တာမီလန်အသင်းက ကိုမိုအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားပြီး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မားကပ်စ်သူရမ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ယူအီးအက်ဖ်အေနေးရှင်းလိဂ် ယှဉ်ပြိုင်ကစားရန်ရှိသည့် ပြင်သစ်လက်ရွေးစင်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ မားကပ်စ်သူရမ်သည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၀ မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတကာပွဲပေါင်း ၃၅ပွဲကစားကာ သုံးဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ (ဝဲပုံ) (NGB)

ဘောလုံးသတင်း အတိုအထွာများ

* အမေရိကန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြဂွါဒီယိုလာကို ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။
* ၂၀၂၆ခုနှစ်အတွက် CAF Awards ဆုပေးပွဲအခမ်းအနားကို လာမည့် ဒီဇင်ဘာ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ (NGB)

ယူအီးအက်ဖ်အေနေးရှင်းလိဂ် (အုပ်စုအဆင့်ပွဲစဉ်များ)

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်
၁၃-၁၁-၂၀၂၆ ည ၁၁း၃၀ နာရီ	ဖော်လ်ဒိုတ - ကာဇက်စတန်
၁၄-၁၁-၂၀၂၆ နံနက် ၀၂း၁၅ နာရီ	နယ်သာလန် - ဂရီ
။	ဆားဘီးယား - ဂျာမနီ
။	ဆလိုဝက်ကီးယား - ဟရိုးကျွန်းစု
။	ဘူလ်ဂေးရီးယား - အိုက်စလန်
။	လူဇင်ဘတ် - အက်စ်တိုးနီးယား
။	အန်ဒိုရာ - ဂျီဘရော်တာ
။	လက်ချင်စတိန်း - အဇာဘိုင်ဂျန်

2026 Nitto ATP Finals တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၁၄ ရက်တွင် စတင်မည်

တူရင် နိုဝင်ဘာ ၁၂

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Nitto ATP Finals တင်းနစ်ပြိုင်ပွဲလာမည့် နိုဝင်ဘာ ၁၄ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Nitto ATP Finals တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Nitto ATP Finals တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Nitto ATP Finals တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အိမ်ရှင် အီတလီတင်းနစ်ကစားသမား Jannik Sinner ဖြစ်သည်။

(ယာပုံ) (NGB)

ကီဗင်ဒီဘရိုင်းကို ခေါ်ယူရန် အဲဟတန်အသင်း စီစဉ်



လန်ဒန် နိုဝင်ဘာ ၁၂

အဲဗာတန်အသင်းသည် နာပိုလီအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ဝါရင့်ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ပွဲ ကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ကီဗင်ဒီဘရိုင်းကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

ကားလို့စ်ဗီဆင့်ကို နည်းပြသစ်အဖြစ် လိုင်ယွန်အသင်းခန့်အပ်



ပါရီ နိုဝင်ဘာ ၁၂

လိုင်ယွန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ကားလို့စ်ဗီဆင့်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ကားလို့စ်ဗီဆင့်သည် နည်းပြဘဝတစ်လျှောက်တွင် ဘရာဂါ၊ ဆန်တန်နီ စသည့် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လိုင်ယွန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြ ကားလို့စ်ဗီဆင့်အနေဖြင့် လိုင်ယွန်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

ဒီဂီယာ ဖီအိုရင်တီးနားအသင်းမှ ထွက်ခွာမည်



တူရင် နိုဝင်ဘာ ၁၂

ဖီအိုရင်တီးနားဂိုးသမား ဒီဂီယာသည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ ဂိုးသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဂိုးသမား ဒီဂီယာသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲ ကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။ (အပေါ်ပုံ)

ထို့ကြောင့် ဂိုးသမား ဒီဂီယာအနေဖြင့် ဖီအိုရင်တီးနားအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



စက္ကူကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

မတ္တရာ နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် စက္ကူကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာရှိ ကျေးလက်ဘက်စုံသုံးခန်းမတွင် ကျင်းပခဲ့သည်။

ရှေဉီးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး နိုင်ဝင်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးနန်းဝင်းထွေးက အမှာစကား ပြောကြားခဲ့သည်။



ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်နှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့အကျိုးပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ရွှေရာသား



မိုးစပါးရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)ရိတ်သိမ်းခြင်း ကွင်းပြပွဲကျင်းပ

မိုင်းတုံ နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ်၊ မိုင်တုံအုပ်စုရှိ ကွင်းအမှတ်(၃)၊ ဦးပိုင်(၂) တောင်သူ ဦးအေးကို၏ လယ်တွင် မိုးစပါးရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း (၂) စမ်းသပ်စိုက်ခင်းတစ်ဧကအား ရိတ်သိမ်းခြင်းကွင်းပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပရာ ခရိုင်စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သီဟ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီး မြေစာရင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးအေးဇင်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုး ညှိနှိုင်းမှုကော်မတီများနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ မိုးစပါးရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂)ရိတ်သိမ်းခြင်း ကွင်းပြပွဲ ပြသရခြင်း၏ရည်ရွယ်ချက်ကို မိုင်းတုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်းပြီးပြောကြားပြီးနောက် စိုက်ပျိုးရေးဝန်ထမ်းများ ကိုယ်တိုင်ဝင်ရောက် ရိတ်သိမ်းရာ ကျေးရွာနေ လယ်သမားများ၏ရှေ့တွင် မိုးစပါးရေဆင်း ပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) တစ်ဧက ရိတ်သိမ်းခဲ့ရာ အစိုထွက် ၉၁ ဒသမ ၁၂ တင်းရရှိပြီး အခြောက်ထွက် ၈၃ ဒသမ ၂၂ တင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

အ·ထ·က(၂)၌ အာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်း (ယခု အ·ထ·က-၂)ကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ ၃၅လမ်းရှိ ကီးမားတင်ဝင်းဆိုင်အပေါ်ထပ် ခန်းမဆောင်တွင် ကျင်းပခဲ့သည်။

အာစရိယပူဇော်ပွဲတွင် ကန်တော့ခံဆရာမကြီး ၁၀ ဦးအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပွဲ၊ လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။

ထို့နောက် ခန်းမဆောင်၌ ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံကြပြီး အာစရိယပူဇော်ပွဲစာရင်းရှင်းတမ်းကို ဖတ်ကြားကာ ဆရာမကြီး ဒေါ်ရီကြီးက မုဒိတာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူဟောင်းများက အမှတ်တရစကားများ ပြောကြားကာ နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၀၃၂)



ဒေသတွင်း သီးနှံဝင်ငွေ တိုးပွားစေရန် မိုးကြက်သွန်နီစိုက်ခင်း ဧက ၂၀၀ လျာထားစိုက်ပျိုး

မြစ်သား နိုဝင်ဘာ ၁၂

မြစ်သားမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီအပါအဝင် စားဖိုဆောင်သီးနှံပင် စိုက်ပျိုးတောင်သူများကို ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမျိုးများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ တောင်သူများကို အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြက်သွန်နီစိုက်ပျိုးတောင်သူများ ပူးပေါင်း၍ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲစိုက်ပျိုးကာ ဒေသတွင်း သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် မိုးကြက်သွန်နီ စိုက်ပျိုးဧက ၂၀၀ လျာထား စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦး ကပြောသည်။

(အောက်ပုံ)

၀၊၀၊မြင့်(မြစ်သား)



ပြင်ဦးလွင်မြို့ မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း အခမဲ့ဖွင့်လှစ်

ပြင်ဦးလွင် နိုဝင်ဘာ ၁၂

ပြင်ဦးလွင်မြို့ရှိ မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့လာရောက်တက်ရောက်နိုင်ကြောင်း အဆိုပါခြံမှ သိရသည်။

အဆိုပါ သင်တန်းတွင် ဆေးဖက်ဝင်မှို၊ ငွေနှင်းမှို၊ ကောက်ရိုးမှိုနှင့် ကျောက်မှိုစသည့် မှိုအမျိုးအစားများ စိုက်ပျိုးထုတ်လုပ်နည်းကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးလိုသူများနှင့် စီးပွားဖြစ် အများအပြားစိုက်ပျိုးလိုသူများ တက်ရောက်နိုင်သည်။

သင်တန်းကို တစ်ကြိမ်လျှင် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးအထိ လက်ခံသင်ကြားပေးပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ၀၉-၄၄၃၃၃၃၅၅ ဖုန်းနံပါတ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး သင်တန်းဖွင့်လှစ်မည့်ရက်နှင့် သင်ကြားမည့်နည်းစနစ်များကိုလည်း *မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ပြင်ဦးလွင်* Facebook Page တွင် ကြေညာပေးလျက်ရှိသည်။

သင်တန်းတက်ရောက်ပြီးနောက် မှိုစိုက်ပျိုးထုတ်လုပ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် နည်းပညာဆိုင်ရာ မေးမြန်းမှုများကိုလည်း ဖုန်း၊ Viber (သို့မဟုတ်) ခြဲသို့ ကိုယ်တိုင်လာရောက်၍ ဆက်လက်ဆွေးနွေး အကူအညီရယူနိုင်သည်။

မှိုစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်စေရန် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန် ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ကြောင်း ပြင်ဦးလွင်မြို့ မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ ဦးစီးအရာရှိ ဒေါ်ထွေးထွေးအောင်က ပြောသည်။

ထို့အပြင် သင်တန်းပြီးဆုံးပြီးနောက် မှိုစိုက်ပျိုးထုတ်လုပ်မှုကို လက်တွေ့ဆောင်ရွက်သည့် အခါတွင်လည်း လိုအပ်သော နည်းပညာ အကူအညီများကို ဆက်လက်ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း

၀-၀-၀-၀-၀



ဂျာမနီသံရုံး ယာယီတာဝန်ခံ၏ လူမှုမီဒီယာမှ တစ်ဆင့် ထုတ်ပြန်ခဲ့သော ပီဒီယိုနှင့်ပတ်သက်၍ ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

၁။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဂျာမနီသံရုံးယာယီတာဝန်ခံ မာသီးရက်စ်လေရှာစ် Mathias Licharz ၏ ပီဒီယိုဖိုင်တွင်ပါရှိသည့် ၎င်း၏ပြောကြားချက်များသည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းလမ်းဖြင့် ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် မိမိတို့၏ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတော်အကြီးအကဲကို မထီမဲ့မြင်ပြုခြင်းဖြစ်သည့်အပြင် ရွေးကောက်ပွဲတွင် တက်ကြွစွာ ဆန္ဒမဲပေးခဲ့ကြသည့် မြန်မာပြည်သူပြည်သား အားလုံးကို တိုက်ရိုက်ပုတ်ခတ်စော်ကားခြင်းလည်းဖြစ်ပါသည်။

၂။ ဂျာမနီသံရုံး ယာယီတာဝန်ခံအနေဖြင့် ဗီဒီယိုရိုက်ကူးသည့် နေရာရွေးချယ်မှု အပါအဝင် ပြုမူပြောဆိုဆောင်ရွက်မှုများသည် အိမ်ရှင်နိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ် အတိုက်အခံပြုရန်အတွက် အားပေးအားမြှောက်ပြုလုပ်နေသည့်အသွင်တွေ့ရှိရပြီး ပြည်တွင်းရေးမငြိမ်မသက်မှုများ ဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရအား အကြည်အညိုပျက်စေရန် ရည်ရွယ်ချက်ရှိရှိ အားပေးလှုံ့ဆော်ရာလည်းရောက်ပါသည်။

၃။ သို့ဖြစ်ပါ၍ ဂျာမနီသံရုံး ယာယီတာဝန်ခံ မာသီးရက်စ်လေရှာစ်၏ အထက်ပါပြုမူဆောင်ရွက်ပြောကြားချက်များနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA

ဆောင်းနှမ်း ဧက ၇၅၀၀ ကျော်စိုက်ပျိုးပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီခွဲမှန်တွင် ဆောင်းနှမ်း ဧက ၇၅၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရ သည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် ဆောင်းနှမ်း ၁၃၂၃၀ ဧကစိုက်ပျိုးရန် လျာထားပြီး ယနေ့အထိ ၇၅၃၅ ဧကစိုက်ပျိုးပြီးဖြစ်သည်။

(၄၈၀)

■ စာမျက်နှာ ၂၄ မှ

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို ထိန်းသိမ်းဖော်ထုတ်သည့် ဇာတ်သဘင်ဖျော်ဖြေပွဲဖြစ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တာဝန်ရှိသူများနှင့် ပွဲတော်လာပြည်သူများ ဆုတော်ငွေများချီးမြှင့်ကြပြီး ရုံပြည့်ရုံလျှံလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရွှေမန်း





စတုတ္ထအကြိမ်မြောက် တရုတ်-မြန်မာ အထည်အလိပ်နှင့် စက်ယန္တရားကုန်စည်ပြပွဲ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၂

စတုတ္ထအကြိမ်မြောက် တရုတ်-မြန်မာ အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ရှိ Inya Lake Hotel နှင့် Yangon Convention Center (YCC) တို့တွင် ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ Zhejiang ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) နှင့် Chinese Textile & Garment Association in Myanmar (CTGA) တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ အကြား အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် တရုတ်နိုင်ငံရှိ နာမည်ကြီးအထည်အလိပ်ကုမ္ပဏီများ၏ အဝတ်အထည်များ၊ အထည်အလိပ် အမျိုးအစား၊ ဆက်စပ်ပစ္စည်းများနှင့် Textile စက်ယန္တရားများကို ခင်းကျင်း ပြသသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်း SME လုပ်ငန်းများအနေဖြင့်လည်း မိမိတို့၏ ထုတ်ကုန်များကို မိတ်ဆက်ပြသခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် စီးပွား ရေးအခွင့်အလမ်းများ ရှာဖွေခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တရုတ်နှင့် မြန်မာနိုင်ငံတို့မှ အထည်ချုပ်လုပ်ငန်းရှင်များ၊ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ စက်ပစ္စည်းထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများ အပါအဝင် လုပ်ငန်းရှင် ၁၀၀ ကျော် ပါဝင်ပြသသွားမည် ဖြစ်သည်။

စီးပွားရေးဆိုင်ရာ ပြခန်းများအပြင် မြန်မာ့ရိုးရာအက အလှ ဖျော်ဖြေတင်ဆက်မှုများ၊ ဖက်ရှင်ရှိုးများနှင့် ဝတ်စုံပြပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အနေဖြင့် ပြည်တွင်းထုတ်ကုန်များနှင့် ပြည်တွင်းအမှတ်တံဆိပ်များကို အခြေခံသည့် ဖက်ရှင်ရှိုးများမှ တစ်ဆင့် Made in Myanmar ထုတ်ကုန်များ၏ အရည်အသွေးနှင့် မြန်မာပြည်တွင်း ဒီဇိုင်နာများ၏ ဖန်တီးမှုစွမ်းရည်များကို မီးမောင်းထိုးပြသွားမည်ဖြစ်သည်။

ယခုကုန်စည်ပြပွဲသည် နှစ်နိုင်ငံအကြား အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းဆိုင်ရာ နည်းပညာ၊ ထုတ်ကုန်နှင့် စီးပွားရေး အတွေ့အကြုံများ ဖလှယ်နိုင်မည့် အခွင့်အလမ်း တစ်ခုဖြစ်သည့် အပြင် ပြည်တွင်း SME လုပ်ငန်းများနှင့် Made in Myanmar ထုတ်ကုန်များကို နိုင်ငံတကာ ဈေးကွက်သို့ မိတ်ဆက်နိုင်ရေး အတွက်လည်း အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း သိရ သည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

ပြောင်းပေါ်ခိုရိန် နိုဝင်ဘာလအစတွင် ပြောင်းဈေး အနည်းငယ်မြင့်တက်လာ

မန္တလေး နိုဝင်ဘာ ၁၂

ပြည်တွင်းရှိ ပြောင်းအသစ်များ စတင်ပေါ်ထွက်လာသည့် နိုဝင်ဘာလအစတွင် ပြောင်းဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး ဘုရင့်နောင်ကုန်စည်ဝိုင်ရှိ တစ်ပိသာလျှင် ၎ကျပ် ၁၈၄၀ မှ ၁၈၆၀ ခန့်အထိ ဈေးပေါက်လာသည်။

အောက်တိုဘာလနောက်ဆုံး ပတ်က ပြောင်းတစ်ပိသာလျှင် ၎ကျပ် ၁၆၉၀ မှ ၁၇၁၀ အထိ သာရှိခဲ့ရာမှ နိုဝင်ဘာလ ပထမပတ်တွင် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။

ပြောင်းဈေးကွက် လှုပ်ရှားလာခြင်းမှာ ပြည်တွင်းရှိ ပြောင်းအသစ်များ စတင်ပေါ်ထွက်လာခြင်း၊ အစာစပ်စက်ရုံများနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိလာခြင်းတို့အပြင် ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းပြန်လည်တင်ပို့နိုင်ရန် နီးကပ်လာခြင်းတို့ကြောင့် ဖြစ်ကြောင်း ကုန်သည်များထံမှ သိရသည်။

မိုးရာသီအတွင်း ရေကြီး၊ ရေလျှံမှုနှင့် မိုးသည်းထန်မှုများကြောင့် အချို့ဒေသများတွင် ပြောင်းခင်းများ ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် သွင်းအားစုနှင့် လုပ်အားခဈေးနှုန်းများ မြင့်တက်မှုကြောင့် စိုက်ပျိုးမှုလျှော့ချခဲ့သည့် တောင်သူများလည်းရှိရာ ယခင်နှစ်များထက် အထွက်နှုန်း အနည်းငယ်လျော့နည်းနိုင်ကြောင်း ပြောင်းကုန်သည် တစ်ဦးက ပြောသည်။

ထို့အပြင် ပြောင်းအသစ်များ စတင်ပေါ်ထွက်လာချိန်တွင်ပင် ပြည်တွင်းအစာစပ်စက်ရုံများနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိလာခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် သွက်လာခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပြောင်းဈေးနှုန်း ထပ်မံမြင့်တက်နိုင်သည့်အတွက် တောင်သူများအနေဖြင့် ရိတ်သိမ်းခြေလှေ့ပြီးပါက အားလုံးရောင်းချခြင်း ထက် ၆၀ ရာခိုင်နှုန်းခန့် လှောင်ထားသင့်ကြောင်း ဈေးကွက်နားလည်သူအချို့က သုံးသပ်ထားသည်။

သို့သော် ပြောင်းစိုက်ပျိုးသူ တောင်သူ တစ်ဦးကမူ ပြောင်းပေါ်ခိုရိန်အစတွင် ဈေးနှုန်းမြင့်တက်မှသာ တောင်သူများအတွက် အကျိုးရှိနိုင်ပြီး ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့သည့်ကာလမှ ဈေးတက်ပါက လှောင်နိုင်သူ ကုန်သည်များနှင့် လှောင်သမားများသာ အကျိုးအမြတ်ရနိုင်ကြောင်း ပြောသည်။ လက်ရှိတွင် သွင်းအားစု ဈေးနှုန်းများ မြင့်မားနေသဖြင့် စိုက်ပျိုးစရိတ် ပြန်လည်ရရှိရန်ပင် အခက်အခဲရှိ နေကြောင်း ၎င်းက ဆိုသည်။

လက်ရှိကာလတွင် မြန်မာ့ပြောင်းကို ထိုင်းနိုင်ငံသို့ မတင်ပို့မီ အိန္ဒိယ၊ တရုတ်နှင့် ဖိလစ်ပိုင်အပါအဝင် အခြားအာရှနိုင်ငံများသို့ ရေကြောင်းမှ အဓိက တင်ပို့နေပြီး FOB ဈေးနှုန်းမှာလည်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၇၅ မှ ၂၈၅ ဝန်းကျင်အထိ ရှိလာသည်။

ထိုင်းနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများအတွက် ပြောင်းတန်ချိန် ကိုးသိန်းခန့် နှစ်စဉ်လိုအပ်လျက်ရှိရာ ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့် ပြန်လည်စတင်ပါက ထိုင်းနိုင်ငံမှ ဝယ်လိုအားအများအပြား ပြန်လည်ဝင်ရောက်လာနိုင်ပြီး မြန်မာ့ပြောင်း ဈေးကွက်အတွက် အခွင့်အလမ်းကောင်းများ ရရှိလာနိုင်ကြောင်း ဈေးကွက်နားလည်သူအချို့က သုံးသပ်ထားကြောင်း သိရသည်။

(ဝဲပုံ)

ရွှေမန်း



ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်း တစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဆီးချိုရောဂါစောစီးစွာ ရှာဖွေ ရောဂါဖြစ်နိုင်ခြေကို လျှော့ချ

လူတစ်ယောက်ဟာ မိမိကိုယ်ကို ကျန်းမာနေတယ်လို့ ထင်မှတ်ထားပေမယ့် ခန္ဓာကိုယ်အတွင်းမှာ တိတ်တဆိတ် ဖြစ်ပွားနေတတ်တဲ့ ရောဂါများရှိပါတယ်။ အဲ့ဒီလို ရောဂါတွေထဲမှာ ဆီးချိုရောဂါဟာ အထူးသတိထားသင့်တဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ဆီးချိုရောဂါရှိသူ အချို့ဟာ နှစ်ပေါင်းများစွာ သိသာထင်ရှားတဲ့ လက္ခဏာမပြဘဲ နေထိုင်နိုင်ကြပါတယ်။ ရောဂါရှိမှန်း သိလိုက်ရတဲ့အချိန်မှာတော့ မျက်စိ၊ ကျောက်ကပ်၊ နှလုံးနဲ့ အာရုံကြောတွေ ထိခိုက်နေပြီးသား ဖြစ်နေနိုင်ပါတယ်။

နှစ်စဉ် နိုဝင်ဘာ ၁၄ ရက်ကို ကမ္ဘာ့ဆီးချိုရောဂါနေ့အဖြစ် သတ်မှတ်ထားပါတယ်။ ၂၀၂၆ ခုနှစ်နဲ့ ၂၀၂၇ ခုနှစ်အတွက် နိုင်ငံတကာ ဆောင်ပုဒ်ကတော့ "Early Action on Diabetes" ဆီးချိုရောဂါကို စောစီးစွာ ရှာဖွေသိရှိဖို့၊ ရောဂါဖြစ်နိုင်ခြေကို လျှော့ချဖို့နဲ့ ရောဂါရှိနေသူတွေကို အချိန်မီ ကုသစောင့်ရှောက်ပေးဖို့ ဖြစ်ပါတယ်။

ကမ္ဘာ့ဆီးချိုအဖွဲ့ချုပ် International Diabetes Federation (IDF) ရဲ့ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်အတွင်း အသက် ၂၀ နှစ်မှ ၇၉ နှစ်အကြား ကမ္ဘာ့လူဦးရေ ၅၈၉ သန်းခန့်ဟာ ဆီးချိုရောဂါခံစားနေရပါတယ်။ အရွယ်ရောက်ပြီးသူ ကိုးဦးမှာ တစ်ဦးခန့် ဖြစ်ပါတယ်။ ပိုပြီး စိုးရိမ်စရာကောင်းတာက အဲ့ဒီထဲက လူဦးရေ ၂၅၂ သန်းခန့်ဟာ မိမိတို့မှာ ဆီးချိုရောဂါရှိနေမှန်း မသိကြသေးတာပဲ ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွေ ဆက်လက်ဖြစ်ပေါ်နေမယ်ဆိုရင် ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါရှိသူ ၈၅၃ သန်းအထိ ရှိလာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

ဆီးချိုရောဂါဆိုတာ သွေးထဲမှာ သကြားဓာတ် ပုံမှန်ထက်များနေတဲ့ အခြေအနေဖြစ်ပါတယ်။ ကျွန်ုပ်တို့ စားသုံးလိုက်တဲ့ အစားအစာတွေကနေ ရရှိလာတဲ့ ဂလူးကို့စ်(Glucose)ကို ခန္ဓာကိုယ်ဆဲလ်တွေက စွမ်းအင်အဖြစ် အသုံးပြုနိုင်ဖို့ အင်ဆူလင် (Insulin) ဟော်မုန်း လိုအပ်ပါတယ်။ အင်ဆူလင်ကို ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က ထုတ်လုပ်ပေးပါတယ်။ အင်ဆူလင် လုံလောက်စွာ မထုတ်လုပ်နိုင်တဲ့အခါ ဒါမှမဟုတ် ခန္ဓာကိုယ်ဆဲလ်တွေက အင်ဆူလင်ရဲ့ အာနိသင်ကို ကောင်းစွာမတုံ့ပြန်နိုင်တဲ့အခါ သွေးတွင်းသကြားဓာတ် မြင့်တက်လာပါတယ်။

ဆီးချိုရောဂါမှာ အမျိုးအစားအမျိုးမျိုး ရှိပေမယ့် အများဆုံးတွေ့ရတာက Type 2 Diabetes ဖြစ်ပါတယ်။ ဒီအမျိုးအစားဟာ အသက်ကြီးသူတွေမှာသာ ဖြစ်ပွားတာ မဟုတ်တော့ပါဘူး။ ယနေ့ခေတ်မှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ကိုယ်အလေးချိန်များခြင်း၊ ဝမ်းဗိုက် အဆီများခြင်းနဲ့ မသင့်လျော်တဲ့ စားသောက်နေထိုင်မှုပုံစံတွေကြောင့် အသက်ငယ်ရွယ်သူတွေမှာလည်း ပိုမိုတွေ့ရှိလာရပါတယ်။ မျိုးရိုးဗီဇနဲ့ မိသားစုရာဇဝင်ကလည်း အရေးကြီးတဲ့အချက်တွေ ဖြစ်ပါတယ်။

ဆီးချိုရောဂါရဲ့ လူသိများတဲ့ လက္ခဏာတွေကတော့ ဆီးခဏခဏ သွားခြင်း၊ ရေငတ်လွယ်ခြင်း၊ အစားစားပြီးလည်း ဗိုက်ဆာနေတတ်ခြင်း၊ အကြောင်းမရှိဘဲ ကိုယ်အလေးချိန်ကျခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနဲ့ အမြင်အာရုံဝေဝါးခြင်းတို့ ဖြစ်ပါတယ်။ အနာကျက်နှေးခြင်း၊ အရေပြား ပိုးဝင်လွယ်ခြင်း၊ ခြေဖျားလက်ဖျား ထုံကျဉ်ခြင်းတို့လည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အရေးကြီးဆုံး သိထားရမယ့်အချက်က ဆီးချိုရောဂါရှိသူတိုင်းမှာ ဒီလက္ခဏာတွေ ပေါ်လာတာ မဟုတ်ဘူးဆိုတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ရောဂါလက္ခဏာပေါ်လာတဲ့အထိ စောင့်မနေသင့်ပါဘူး။ အထူးသဖြင့် အသက် ၃၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူတွေ၊ ကိုယ်အလေးချိန်များသူတွေ၊ မိဘ (သို့မဟုတ်) မောင်နှမတွေမှာ ဆီးချိုရောဂါရှိသူတွေ၊ သွေးတိုးရောဂါရှိသူတွေ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးသူတွေနဲ့ ကိုယ်ဝန်ဆောင်စဉ် ဆီးချိုရောဂါဖြစ်ဖူးတဲ့ အမျိုးသမီးတွေဟာ ဆီးချိုရောဂါ ရှိ၊ မရှိ စစ်ဆေးသင့်ပါတယ်။ အသက် ၃၅ နှစ် မပြည့်သေးပေမယ့် ရောဂါဖြစ်နိုင်ခြေ မြင့်မားသူတွေကိုလည်း စစ်ဆေးဖို့ လိုအပ်နိုင်ပါတယ်။

ဆီးချိုရောဂါကို စစ်ဆေးရာမှာ အစာမစားမီ သွေးတွင်းသကြားဓာတ် (Fasting Blood Glucose) နဲ့ HbA1c စစ်ဆေးမှုတွေကို အသုံးပြုနိုင်ပါတယ်။ အစာမစားဘဲ အနည်းဆုံး ရှစ်နာရီနေပြီး စစ်ဆေးတဲ့ သွေးတွင်းသကြားဓာတ် ၁၂၆ mg/dL နဲ့အထက် ဖြစ်နေခြင်း၊ ဒါမှမဟုတ် HbA1c ၆.၅ ရာခိုင်နှုန်းနဲ့အထက် ဖြစ်နေခြင်းဟာ ဆီးချိုရောဂါကို ညွှန်ပြနိုင်ပါတယ်။ သို့သော် ရောဂါလက္ခဏာ အထင်အရှားမရှိသူတွေမှာ အဖြေကို အတည်ပြုနိုင်ဖို့ ထပ်မံစစ်ဆေးဖို့ လိုအပ်တတ်ပါတယ်။

ဆီးချိုရောဂါ မဖြစ်သေးပေမယ့် သွေးတွင်းသကြားဓာတ် ပုံမှန်ထက်မြင့်တက်နေတဲ့ Prediabetes ဆိုတဲ့ အဆင့်လည်း ရှိပါတယ်။ ဒီအဆင့်ဟာ သတိပေးခေါင်းလောင်းတစ်ခုလိုပါပဲ။ အဲ့ဒီအချိန်မှာ စားသောက်နေထိုင်မှုပုံစံကို စနစ်တကျ ပြုပြင်နိုင်မယ်ဆိုရင် Type 2 ဆီးချိုရောဂါ ဖြစ်ပွားလာနိုင်ခြေကို လျှော့ချနိုင်ပါတယ်။

ဆီးချိုရောဂါကို ကြောက်စရာကောင်းစေတာက သွေးထဲမှာ သကြားဓာတ်များနေရုံတင်မဟုတ်ပါဘူး။ အချိန်ကြာမြင့်စွာ သွေးတွင်းသကြားဓာတ် မြင့်တက်နေခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိ သွေးကြောငယ်တွေနဲ့ သွေးကြောကြီးတွေ ထိခိုက်ပျက်စီးလာနိုင်ပါတယ်။ မျက်စိအနောက်ဘက် မြင်လွှာမှာရှိတဲ့ သွေးကြောငယ်တွေ ထိခိုက်လာရင် အမြင်အာရုံ လျော့နည်းလာနိုင်သလို မျက်စိကွယ်တဲ့အထိ ဖြစ်နိုင်ပါတယ်။ ကျောက်ကပ်ရဲ့ စစ်ထုတ်နိုင်စွမ်း ထိခိုက်လာရင် ကျောက်ကပ်လုပ်ငန်း ချို့ယွင်းမှု ဖြစ်နိုင်ပါတယ်။ နှလုံးသွေးကြောနဲ့ ဦးနှောက်သွေးကြောတွေ ထိခိုက်လာရင် နှလုံးရောဂါနဲ့ လေဖြတ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာပါတယ်။

ဆီးချိုရောဂါကြောင့် အာရုံကြောတွေ ထိခိုက်လာတဲ့အခါ ခြေဖျားလက်ဖျားတွေ ထုံကျဉ်လာနိုင်ပါတယ်။ ခြေထောက်မှာ ဒဏ်ရာရနေမှန်း မသိလိုက်တာမျိုး ဖြစ်တတ်ပါတယ်။ သွေးလည်ပတ်မှုမကောင်းခြင်းနဲ့ ပိုးဝင်ခြင်းတို့ ပူးတွဲဖြစ်လာရင် အနာမကျက်ဘဲ ဆိုးရွားလာနိုင်ပါတယ်။ တချို့လူနာတွေမှာ ခြေချောင်း၊ ခြေထောက်တွေ ဖြတ်တောက်ရတဲ့အထိ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဆီးချိုရောဂါရှိသူတွေဟာ မိမိရဲ့ ခြေထောက်ကို နေ့စဉ်စစ်ဆေးဖို့လည်း အရေးကြီးပါတယ်။

ဆီးချိုရောဂါကို ကာကွယ်ထိန်းချုပ်ဖို့ နေ့စဉ်နေထိုင်မှုပုံစံက အလွန်အရေးကြီးပါတယ်။ အစားအစာကို လုံးဝမစားဘဲ ရှောင်တာမျိုးထက် အမျိုးအစားနဲ့ ပမာဏကို စနစ်တကျ ရွေးချယ်စားသုံးတတ်ဖို့ လိုအပ်ပါတယ်။ သကြားပါဝင်မှုများတဲ့ အချိုရည်တွေ၊ လက်ဖက်ရည်ချိုတွေ၊ အချိုမုန့်တွေကို လျှော့ချသင့်ပါတယ်။ ထမင်းဖြူ၊ ခေါက်ဆွဲနဲ့ အခြားကာဗိုဟိုက်ဒရိတ်များတဲ့ အစားအစာတွေကိုလည်း သင့်တင့်တဲ့ပမာဏနဲ့ စားသုံးသင့်ပါတယ်။ ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ အမျှင်ဓာတ်ပါဝင်တဲ့ အစားအစာတွေနဲ့ သင့်တင့်တဲ့ ပရိုတင်းဓာတ် ပါဝင်အောင် စားသုံးတာက ပိုမိုသင့်လျော်ပါတယ်။ အသီးအနှံတွေကိုလည်း ဖျော်ရည်အဖြစ် သောက်သုံးတာထက် အသီးအတိုင်း သင့်တင့်စွာ စားသုံးတာက ပိုကောင်းပါတယ်။

ကိုယ်လက်လှုပ်ရှားမှုဟာလည်း ဆီးချိုရောဂါကို ကာကွယ်ထိန်းချုပ်ရာမှာ အရေးပါတဲ့အချက် တစ်ချက် ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးသူ အများစုအတွက် တစ်ပတ်မှာ အနည်းဆုံး မိနစ် ၁၅၀ ခန့် အတန်အသင့်ပြင်းထန်တဲ့ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ဖို့ အကြံပြုထားပါတယ်။ ဥပမာအားဖြင့် တစ်နေ့ မိနစ် ၃၀ ခန့် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကို တစ်ပတ်ငါးရက် ပြုလုပ်နိုင်ပါတယ်။ အချိန်ကြာကြာ ထိုင်နေရသူတွေဟာလည်း အချိန်အပိုင်းအခြားအလိုက် ထပြီး လှုပ်ရှားပေးသင့်ပါတယ်။

အိပ်ရေးဝဝ အိပ်စက်ခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချခြင်း၊ ဆေးလိပ်ရှောင်ခြင်းနဲ့ ကိုယ်အလေးချိန်ကို သင့်တင့်တဲ့အတိုင်းအတာမှာ ထိန်းသိမ်းထားခြင်းတို့ကလည်း ကျန်းမာရေးအတွက် အကျိုးရှိပါတယ်။ ကိုယ်အလေးချိန်များနေသူတွေအနေနဲ့ အလေးချိန် အနည်းငယ် လျှော့ချနိုင်ရုံနဲ့တင် Type 2 ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချရာမှာ အထောက်အကူ ဖြစ်စေနိုင်ပါတယ်။

ဆီးချိုရောဂါရှိပြီးသားသူတွေအတွက်လည်း မျှော်လင့်ချက်ရှိပါတယ်။ ယနေ့ခေတ်မှာ ဆီးချိုရောဂါကုသမှုဟာ သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ရုံနဲ့ မပြီးတော့ပါဘူး။ နှလုံးနဲ့ ကျောက်ကပ်ကို ကာကွယ်ပေးနိုင်တဲ့ ဆေးဝါးအမျိုးအစားတွေကိုလည်း သက်ဆိုင်ရာ လူနာအခြေအနေအလိုက် အသုံးပြုလာနိုင်ပါတယ်။ ဒါပေမဲ့ လူနာတိုင်းအတွက် ဆေးအမျိုးအစားနဲ့ ကုသမှုပုံစံ တူညီတာမဟုတ်ပါဘူး။ အသက်အရွယ်၊ ကျောက်ကပ်လုပ်ငန်း၊ နှလုံးရောဂါရှိမရှိ၊ အခြားရောဂါအခံတွေနဲ့ သွေးတွင်းသကြားဓာတ် အခြေအနေတို့ အပေါ်မူတည်ပြီး ဆရာဝန်က ရွေးချယ်ကုသပေးရပါတယ်။ ဆေးဝါးတွေကို မိမိသဘောနဲ့ ရပ်တန့်တာ၊ ပြောင်းလဲသောက်သုံးတာမျိုး မပြုလုပ်သင့်ပါဘူး။

ဆီးချိုရောဂါရှိသူတစ်ဦးအတွက် သွေးတွင်းသကြားဓာတ်စစ်ဆေးခြင်းအပြင် သွေးပေါင်ချိန်၊ သွေးတွင်းအဆီဓာတ်၊ ကျောက်ကပ်လုပ်ငန်းနဲ့ ဆီးထဲမှာ အယ်လ်ဘျူမင်ဓာတ် ပါဝင်မှုကိုလည်း သင့်လျော်တဲ့ အချိန်အပိုင်းအခြားအလိုက် စစ်ဆေးဖို့ လိုအပ်ပါတယ်။ မျက်စိမြင်လွှာနဲ့ ခြေထောက် အာရုံကြောအခြေအနေကိုလည်း ပုံမှန်စစ်ဆေးသင့်ပါတယ်။ ရောဂါကို စောစီးစွာ သိရှိခြင်း၊ စနစ်တကျ ကုသခြင်းနဲ့ နောက်ဆက်တွဲ ပြဿနာတွေကို အချိန်မီရှာဖွေကုသခြင်းတို့ကြောင့် ရေရှည်ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါတယ်။

အရေးကြီးတာက ဆီးချိုရောဂါရှိတယ်ဆိုတာ သိလိုက်ရခြင်းဟာ ဘဝရဲ့ အဆုံးသတ်မဟုတ်ဘဲ ရောဂါကို နားလည်ပြီး စနစ်တကျ ထိန်းချုပ်နိုင်မယ်ဆိုရင် ဆီးချိုရောဂါရှိသူ အများအပြားဟာ ကျန်းမာစွာနဲ့ အလုပ် လုပ်ကိုင်နိုင်ကြသလို မိသားစုဘဝကိုလည်း ပုံမှန်အတိုင်း ဖြတ်သန်းနိုင်ကြပါတယ်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆီးချိုရောဂါနေ့က ကျွန်ုပ်တို့ကို သတိပေးနေတဲ့ သတင်းစကားက ရောဂါဖြစ်လာမှ ကုသဖို့ စဉ်းစားတာထက် ရောဂါမဖြစ်ခင် ကာကွယ်ဖို့၊ ရောဂါရှိနေပါက လက္ခဏာမပြခင် ရှာဖွေသိရှိဖို့နဲ့ သိရှိပြီးတာနဲ့ စနစ်တကျ ကုသဖို့ ဖြစ်ပါတယ်။

ကျန်းမာနေတယ်လို့ ခံစားနေရတာဟာ ရောဂါမရှိဘူးလို့ အာမခံနိုင်တဲ့အချက် မဟုတ်ပါဘူး။ သွေးတွင်းသကြားဓာတ်ကို အချိန်မီ စစ်ဆေးခြင်းဟာ မိမိရဲ့ ကျန်းမာရေးအတွက် အဖိုးတန်ဆုံး ကြိုတင်ကာကွယ်မှုတွေထဲက တစ်ခု ဖြစ်ပါတယ်။

ရောဂါကို စောစီးစွာ သိရှိခြင်းက နောက်ဆက်တွဲပြဿနာတွေကို လျှော့ချနိုင်ပြီး အသက်ကိုပါ ကယ်တင်နိုင်ပါတယ်။

ဆေးပညာဆိုင်ရာ ကိုးကားရင်းမြစ်များ

- International Diabetes Federation: World Diabetes Day 2026–2027 Campaign. International Diabetes Federation
- IDF Diabetes Atlas, 11th Edition (2025): ကမ္ဘာလုံးဆိုင်ရာ ဆီးချိုရောဂါစာရင်းအင်းများ။ International Diabetes Federation
- American Diabetes Association: Standards of Care in Diabetes 2026၊ ရောဂါရှာဖွေခြင်းနှင့် စစ်ဆေးခြင်း ဆိုင်ရာ လမ်းညွှန်ချက်များ။
- World Health Organization: Diabetes Fact Sheet.

မန္တလာ ဆရာမျိုး

ဘဝတိုးတက်ရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသ



မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းရန်ကျောင်းသား၊ ကျောင်းသူများအသိပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် ဘဝတိုးတက်ရေးအတွက် အသိပညာ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ ဘဝတိုးတက်ရေးအတွက် အသိပညာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူထုအခြေပြု ဗဟို ဌာနတွင် ကျင်းပခဲ့သည်။

ရေးဦးစွာ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာရေးဆရာများအသင်း စာရေးဆရာ ဦးဘုန်းဇော်မိုးဥတ္တာက ကျောင်းသား၊ ကျောင်းသူများ သုတ၊ ရသ စာပေများကို ဖတ်ရှုခြင်းဖြင့် ဘဝတိုးတက်ရေးအတွက် အသိပညာများအကြောင်း၊ အမြိန်ကို အကျိုးရှိစွာ အသုံးချခြင်းအကြောင်းအရာများကို အကျယ်တဝင့် ဟောပြောသည်။

ဆက်လက်၍ ဝန်ထမ်းများ ခင်းကျင်းပြသထားသော ကလေးအလုပ်သမား ခိုင်းစေမှုလျော့နည်းပျောက်စေရေး နံရံကပ်စာစောင်၊ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ပြီး အယ်လ်နီညိုအပူဒဏ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၆၉)**



စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြော

ကွန်ဟိန်း နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ရေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သဲမာကကျောင်းသား၊ ကျောင်းသူများအား အသိပညာစွမ်းရည်များ တိုးတက်မြင့်မားအောင် စာအုပ်၊စာပေများကို လေ့လာဖတ်ရှုဖို့ လိုအပ်ကြောင်း စာအုပ်၊ စာစောင်တွေ ဖတ်မှ အသိပညာ ဗဟုသုတ တိုးပွားမည်ဖြစ်ကြောင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ပြီး စာအုပ်၊ စာပေတွေကနေရရှိလာတဲ့ အသိပညာ ဗဟုသုတများနဲ့ မိမိရဲ့ဘဝကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသခြင်း၊ စာအုပ်များ ငှားရမ်းပေးခြင်းများနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများ ကျင်းပ

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်ကျောက်ပန်းတောင်းမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အာကာသဆိုင်ရာ ကာတွန်းပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီ မှ ၁၂ နာရီအထိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးလူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူး၊ စိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယနေ့ပြုလုပ်သည့် ကာတွန်းပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့်၌ အသုံးချလေ့လာ အာကာသနည်းပညာခေါင်းစဉ်ဖြင့် ကျောင်းသား၊ကျောင်းသူ ၁၃ ဦး၊ အခြေခံ ပညာအလယ်တန်းအဆင့် ပြိုင်ပွဲတွင် လူသား၊နှင့် အနာဂတ်အာကာသ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ကျောင်းသူ ၂၀ ဦး နှင့် အခြေခံပညာမူလတန်းအဆင့်တွင် အာကာသအိမ်မက်ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ စုစုပေါင်း ၄၀ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများကို အခြေခံပညာဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်မေသက်နွယ်နှင့် ဝန်ထမ်းများက အနီးကပ် ကြီးကြပ်၍ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည်။

မြို့နယ်ပညာရေးမှူးရုံးအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့ရာ မူလတန်းအဆင့်တွင် ၅၂ ဦး၊ အလယ်တန်းအဆင့်တွင် ၆၀ ဦးနှင့် အထက်တန်းအဆင့်တွင် ၃၀ ဦး၊ ကျောင်းသား၊ကျောင်းသူ စုစုပေါင်း ၁၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(၄၅၆)**



ကြိုတင်ကာကွယ် စူပါအယ်လ်နီညိုဖြစ်စဉ် အန္တရာယ်ခေါင်းစဉ်ဖြင့် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာမြို့ လူထုအခြေပြု ဗဟိုဌာန၌ အခြေခံပညာမူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို ကြိုတင်ကာကွယ် စူပါအယ်လ်နီညို ဖြစ်စဉ်အန္တရာယ် ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲ မစတင်မီ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲများ ကျင်းပမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရွေညာမြေ မြတ်သင်းကြိုင်က ပြိုင်ပွဲစည်းကမ်းချက်များနှင့် အမှတ်ပေးစည်းမျဉ်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၅၃)**



ဖတ်စရာ၊ မှတ်စရာ စုံလင်
ကြေးမုံ

တန်ဆောင်တိုင်အလှ

* တန်ဆောင်မုန်း ခေါ်ဝေါ်နေ
အဓိပ္ပာယ်ရှိပေ ။
"တန်"ဆောင်ဆီမီး၊ လက်"ဆောင်"ခြွေ
ပန်းချီခြယ်မှုန်းနေ ။
လနဲ့အတူ ကြယ်စင်တွေ
လင်းလက်တောက်ပနေ ။
လရောင် ၊ ကြယ်ရောင် စုံလင်ပေ
အေးမြရွှန်းလဲ့ဝေ ။
* မိုးနှောင်းကာလ ဆောင်းဦးအစ
ကောင်းကင်တစ်ပြင်လုံးလှ ။
နက္ခတ်ပွဲသဘင် ကျင်းပ
ဆေးပေါင်းခတဲ့ ည ။
မြန်မာ့ရိုးရာ အစဉ်အလာ
ကထိန်ခင်းကြတာ ။
* "မိုးပေါ်ကျ" ကထိန်ဆိုတာ
ရှားပါးအလှူပါ ။
အိမ်တိုင်း ၊ လမ်းတိုင်း ထိန်ဝါဝင်း
မီးရောင်စုံတွေ လင်း ။
* မြိုင်မြိုင်ဆိုင်ဆိုင် အခင်းအကျင်း
ပျော်ကြ ဖော်တစ်သင်း ။
ငြိမ်းချမ်းခြင်းရဲ့ သင်္ကေတ
လူတိုင်း ပျော်ရွှင်ကြ ။
ချမ်းမြေ့သာယာကြည်နူးကြ
တန်ဆောင်တိုင်အလှ ။ ။

မိုးထက်ကို(အမရပူရ)

ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း အရဏ်ဆွမ်းလောင်းလှူ



မန္တလေး နိုဝင်ဘာ ၁၂

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း ၆၀ နှင့် ၂၈(B)လမ်းထောင့်ရှိ ဆုံစည်းရာအရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ အကြိမ်(၂၂၀)မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅ နာရီခွဲက အဆိုပါအသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူလာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီး ဆက်ကပ်လောင်းလှူခဲ့ကြသည်။

အကြိမ်(၂၂၀)မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးကိုးအောင် + မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့် သားတပည့်များမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်)မိသားစု၊ ကိုကျော်မျိုးထွန်း(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း)မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ) ဆရာမကြီး ဒေါ်နုနုရီ (CAE ပညာရေး)မိသားစု၊ ဦးခင်မောင်ရီ ဇနီးမိသားစု၊ ဒေါ်ဖြူဖြူဝင်းမိသားစု၊ မောင်စန်းဝင်းကြိုင်(စတီးဆိုင်)မိသားစု၊ မိခင်ကြီး ငါးနှစ်ပြည့်အားရည်စူး၍ မဆွေ(အိမ်ခြံမြေအကျိုးဆောင်)မိသားစု၊ ကမ္ဘာထိပ်အထည်ဆိုင်မိသားစု၊ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်အုန်းမိသားစုတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအသင်းကြီးသို့ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၇၆၅၁၈၄၇၉၁ နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(မန္တလေးနေ့စဉ်-၁)



သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ် တင်လှူပွဲအတွက် ညှိနှိုင်းသြဝါဒခံယူပွဲ ကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာရှိ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ မိဖုရား ဘုရားဒါယိကာမကြီး အစ်မတော် စောမွန်လှ တည်ထားခဲ့သည့် သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီးသည် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့၍ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ရွှေထီးတော်ကြီး ပြန်လည်တင်လှူပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းသြဝါဒခံယူပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါဘုရားရှိ ဗုဒ္ဓသန္တက မဟာဓမ္မဗိမာန်တော်၌ ကျင်းပခဲ့ရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဥတ္တမက အဖွင့်သြဝါဒ မိန့်ကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အကြံပြုလျှောက်ထားပြီး ရွှေစာရံစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က ရွှေထီးတော်တင်လှူပွဲနှင့် ပတ်သက်၍ အစီအစဉ်များကို လျှောက်ထားတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာကော်မတီဝင်များက မိမိတို့၏ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြသည်များကို ဆရာတော်များထံလျှောက်ထားတင်ပြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းခဲ့သည်။

အဆိုပါ အစ်မတော် စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ် တင်လှူပွဲကို ရပ်ဝေးရပ်နီးမှ ခုနစ်ရက်သားသမီးများ၊ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးညှိနှိုင်းသြဝါဒခံယူပွဲကျင်းပ၍ နိုဝင်ဘာ ၂၁ ရက်တွင် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်သစ် တင်လှူပွဲကိုကျင်းပ၍ ဖျော်ဖြေရေး အစီအစဉ်များ၊ စတုဒိသာ အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ **(အပေါ်ပုံ)**

ရွှေရန်ကင်း

သက်ကြီးဆရာဝန်ကြီးများအား မျက်စိအခမဲ့စစ်ဆေးကုသပေး

မန္တလေး နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့နှင့် ပုဂ္ဂလိကဆေးရုံများပူးပေါင်း၍ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီး ဆရာဝန်ကြီးများကို အခမဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အထူးကုဆရာဝန်ကြီးများဖြင့် ဆေးကုသပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်းရှိ Rohto Eye Care Centre တွင် နိုဝင်ဘာ ၁၀ ရက်က တတိယအကြိမ်မြောက်အဖြစ် သက်ကြီးဆရာဝန်ကြီး ၂၈ ဦးကို အခမဲ့ မျက်စိစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံဆရာဝန်များအသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာသင်းကြူအေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်နှင့် အမှုဆောင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မောင်ပြည်သူ

o-o-o-o-o-o

ပုံပြင်ပြောပွဲနှင့် ပုံဆွဲခြင်းလှုပ်ရှားမှု အစီအစဉ် ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ 'ကျွန်ုပ်တို့စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ' လှုပ်ရှားမှု အစီအစဉ်အနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် စာကြည့်တိုက်မှ တစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်ဆောင်ရွက်သည့် စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှု (Library Campaign) တွင် 'ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်' (Every Child a Reader)အစီအစဉ်ဖြင့် ပုံပြင်ပြောပွဲနှင့် ပုံဆွဲခြင်းများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်လူထုအခြေပြုဗဟိုဌာနနှင့် ကလေးစာဖတ်ခန်းမ၌ ကျင်းပခဲ့ရာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ပြည်သူများ စာပေအသိပညာ ကြွယ်ဝစေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်(Every Child a Reader) အစီအစဉ်အဖြစ် ပုံပြင်ပြောခြင်းနှင့် ပုံဆွဲခြင်းအစီအစဉ်တွင် ကျောက်ဆည်မြို့၊ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများက ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အစီအစဉ်တွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွင်စွာ ပါဝင်ဆင်နွဲခဲ့ကြပြီး အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်များဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသိပညာပေးအစီအစဉ်၊ ဟောပြောပွဲများ၊ လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲများ၊ မိသားစုစာဖတ်ဝိုင်းများ၊ သင်တန်းများ၊ (My Library , My World Campaign) လှုပ်ရှားမှု အစီအစဉ်များကို ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနနှင့် ပြည်သူ့စာကြည့်တိုက်၌ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)

ရေဘေးသင့်ပြည်သူများအား အစားအသောက်နှင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရပ်စောက် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်း၍ ဇော်ဂျီချောင်းရေလျှံတက်မှုကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စုများနှင့် ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှစတင်၍ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာသို့ ဗဟူးတပ်နယ်မှ ဗိုလ်သင်တန်းကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ကျော်သူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ထို့နောက် ဗိုလ်သင်တန်းကျောင်းအုပ်ကြီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများက မိုးလုံလေလုံအားကစားခန်းမကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၄၇ စု၊ လူဦးရေ ၂၀၀ ဦး(အမျိုးသား ၁၀၁ ဦး၊ အမျိုးသမီး ၉၉ ဦး)၊ ဇော်ဂျီကွေ့ဓမ္မာရုံရှိ အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၃၂ ဦး(အမျိုးသား ၁၅၊ အမျိုးသမီး ၁၇ ဦး) ရေဘေးရှောင်စခန်းနှစ်စခန်းရှိ အိမ်ထောင်စု ၆၀၊ (အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၁၁၆ ဦး) စုစုပေါင်း ၂၃၂ ဦးတို့အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗဟူးတပ်နယ်သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအဖွဲ့၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ၊ စေတနာရှင်များက ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်ဘူးများ၊ အသင့်စားခေါက်ဆွဲခြောက်များ၊ ကြက်ဥများ၊ မုန့်များနှင့် အခြားစားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ရေးပစ္စည်းများကို လက်ဝယ်အရောက် စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့အပြင် ရပ်စောက်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့ (Health Team)က ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျ ပေးအပ်လျက်ရှိပြီး လိုအပ်သည့် ဆေးဝါးများ ကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

မြို့နယ်(ပြန်/ဆက်)

မီးမရှိ၊ မြေမမြှုပ်၊ စက္ခုတွေကို ဒါနလုပ် ။

ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်



တံတားဦး နိုဝင်ဘာ ၁၂

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက တံတားဦးမြို့နယ်အတွင်းရှိ အသက်(၉)လမှ(၅၉)လအတွင်းရှိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့နံနက် ၁၀ နာရီက တံတားဦးမြို့မေဃဝန် ဘုန်းတော်ကြီးကျောင်းရွှေမင်းသမီး ဓမ္မာရုံတွင် ဆောင်ရွက်ကြသည်။

တံတားဦးမြို့နယ်အနေဖြင့် အသက်(၉)လမှ(၅၉)လအတွင်းရှိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးမည့် ကလေးငယ်စုစုပေါင်း ၈၁၀၅ ဦးရှိကြောင်းနှင့် အဆိုပါကာကွယ်ဆေးကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ သတ်မှတ်နေရာများတွင် ထိုးနှံပေးမည်ဖြစ်သည်။

အဆိုပါ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေးခြင်းလုပ်ငန်းဆောင်ရွက်သည့် အခမ်းအနားသို့ တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြခဲ့ကြကြောင်းသိရသည်။

(ဝဲပုံ)

(၄၀၉)



မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၂

၂၀၂၆-၂၀၂၇ပညာသင်နှစ် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ အာကာသသိပ္ပံနှင့်နည်းပညာဆိုင်ရာစိတ်ဝင်စားမှုမြှင့်တင်ပေးနိုင်ရေး၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနာဂတ်ပညာရေးအခွင့်အလမ်းများကို အဓိကထားရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့်အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း၌ စတင်ကျင်းပလျက်ရှိသည်။

ထိုသို့ မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၈၃ ဦး စတင်ယှဉ်ပြိုင်လျက်ရှိပြီး နိုဝင်ဘာ ၁၁ ရက်တွင် အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၇၈ ဦး၊ နိုဝင်ဘာ ၁၂ တွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၈ ဦးဖြင့် အဆိုပါပြိုင်ပွဲကို သုံးရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအသီးသီးတွင် ထူးချွန်သူများအား ရွေးချယ်၍ တိုင်းဒေသကြီးအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၆၉)

စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မကွေး နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ ဟောပြောပွဲသို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ စုစုပေါင်း ၁၆၀ ဦးတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုထွန်းက စားသုံးသူရေးရာ ဦးစီးဌာန၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံဦးစီးမှူး ဒေါ်စန္ဒာစိုးလွင်က စားသုံးသူ ကာကွယ်ရေးဥပဒေ(၂၀၁၉)ပြဋ္ဌာန်းချက်ပါ စားသုံးသူများရရှိမည့် အခွင့်အရေးနှင့်တာဝန်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် နည်းလမ်းများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ကြကြောင်းသိရသည်။

(ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

၀-၀-၀-၀-၀

ရှေ့ပြေး(Pilot)တိရစ္ဆာန်စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

ကန့်ဘလူ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ မြို့နယ်တိရစ္ဆာန်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ၏ဦးဆောင်မှုဖြင့် ရှေ့ပြေး(Pilot) တိရစ္ဆာန်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၁ ရက်က ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် ကွင်းဆင်းကောက်ယူခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမြတ်လင်းနှင့် ကျေးရွာတိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ညောင်ပင်ကြီးကျေးရွာရှိ အိမ်ထောင်စု ၁၂၀ ၏ မွေးမြူထားသော တိရစ္ဆာန်စာရင်းများ ကိန်းဂဏန်းမှန်ကန်စွာ ရရှိရေးအတွက် ရှေ့ပြေးကွင်းဆင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

ကန့်ဘလူမြို့နယ်၌ မြေပြင်တိရစ္ဆာန်စာရင်းကောက်ယူခြင်းကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အတွင်း ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာပေါင်း ၂၄ ရွာ၊ အိမ်ထောင်စု ၁၂၉၀၈ တို့တွင် ကောက်ယူသွားမည်ဖြစ်ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာတိရစ္ဆာန်ကျန်းမာရေးလုပ်သား ၂၀ ဦးတို့ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ အကူအညီရယူကာ ကောက်ယူသွားမည်ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရောဂါထိန်းချုပ်ဆောင်ရွက်ရာတွင် အခြေခံမွေးမြူရေး မြေပြင်စာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးထံမှ သိရသည်။



(ဝဲပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

၀-၀-၀-၀-၀

၀-၀-၀-၀

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

စဉ်ကိုင် နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် နံရံကပ်စာစောင် ပြပွဲများကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။ ဆက်လက်၍ အ.မ.က(ကသဲစု) ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ အသက်အရွယ်အပိုင်းအခြားများ၊ ပြစ်မှု၊ ပြစ်ဒဏ်များနှင့် ဆက်သွယ်တိုင်ကြားနိုင်မည့် နည်းလမ်းများ စသည့်အကြောင်းအရာများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးနှင့် ကဗျာရွတ်ဆို ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့က အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသော ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ရုံးဝင်းအတွင်း ပြသထားသော ကလေးအလုပ်သမားပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ကျော်စွာ(စဉ်ကိုင်)

၀-၀-၀-၀-၀





သီးနှံသိုလှောင်မှုနည်းပညာသင်တန်းဖွင့်လှစ်

မိတ္ထီလာ နိုဝင်ဘာ ၁၂

နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထူးဖွံ့ဖြိုးရေးဒေသ၊ ခရိုင်ခုနစ်ခုအနက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဇေယျာဆွေက ခရိုင်အတွင်းရှိ ကုန်သည်များ၊ လုပ်ငန်းရှင်များအတွက် ကုန်စည်အရည်အသွေးထိန်းသိမ်းနိုင်စွမ်းမြှင့်တင်နိုင်ရန်၊ ဈေးကွက်ထိုးဖောက်နိုင်စွမ်းမြှင့်တင်နိုင်ရန်၊ ကုန်သည်နှင့် ပွဲစားများအကြား ချိုက်ဆက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အားကောင်းလာစေရန်၊ ခေတ်မီနည်းပညာနှင့် စံချိန်စံညွှန်းများကို သိရှိနားလည်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုတို့မှ ကျွမ်းကျင်ပညာရှင်များက လယ်ယာထွက်ကုန်သီးနှံများ သိုလှောင်မှု နည်းပညာ၊ သိုလှောင်သီးနှံအင်းဆက်ဖျက်ပိုးများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သိုလှောင်သီးနှံများနှင့် ပိုးမွှားကျရောက်မှု အန္တရာယ်အကြောင်းတို့ကို ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ ကုန်သည်များ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(၄၆၉)

ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

ငဖဲ နိုဝင်ဘာ ၁၂

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဇီးတောကျေးရွာအုပ်စုမှ တောင်သူ ၃၀ ဦးအား ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။

ရှေးဦးစွာ ငဖဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာဒေါ်သီသီမာက တောင်သူများအနေဖြင့် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်၊ စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရန်နှင့် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးထုတ်လုပ်နိုင်ပြီး တောင်သူများ လူမှုစီးပွားဘဝအဆင့်မြေစေရန် ရည်ရွယ်၍ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရည်မှန်းစိုက်ပျိုးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ငဖဲမြို့နယ်တွင် ၂၀၂၆ ခုနှစ် အတွင်း ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေးအတွက် ကျေးရွာအုပ်စုရှစ်အုပ်စုမှ တောင်သူများအား ထုတ်ချေးပေးရန် လျာထားပြီး စပါးသီးနှံစိုက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်း၊ အခြားသီးနှံစိုက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် ဇီးတောကျေးရွာအုပ်စုမှ တောင်သူ ၃၀ ဦး၏ စပါးငါးဧကနှင့် အခြားသီးနှံ ၁၃၉ ဧက၊ စုစုပေါင်း စိုက်ဧက ၁၄၄ အတွက် ချေးငွေကျပ် ၃၆၂ ဒသမ ၅၀ သိန်းကို စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား ဆောင်းသီးနှံစိုက်ပျိုးစရိတ်များကို သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
မယု(ငဖဲ)

o-o-o-o-o-o-o-o



အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်ပြင်ဆင်နိုင်ရန် အသိပေးနှိုးဆော်

ကန့်ဘလူ နိုဝင်ဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ တောက္ကရုပ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို ကျေးရွာပြည်သူများ သိရှိပြီး ကြိုတင်ပြင်ဆင်နိုင်စေရန် လှည့်လည်အသိပေးနှိုးဆော်ခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပေး နှိုးဆော်ရာတွင် ခရိုင်အေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနစသည့် ပူးပေါင်းအဖွဲ့ဝင်များက ကျေးရွာများအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးရွာခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် အပူလွန်ကဲသည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားရှိနိုင်စေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပေးနှိုးဆော်ခဲ့ကြောင်းနှင့် အယ်လ်နီညိုဖြစ်စဉ် အသိပညာပေး လက်ကမ်းစာစောင်များ၊ ရေဘေး၊ မီးဘေး၊ ငလျင်ဘေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)
အောင်ဝင်းဦမိုး(ကန့်ဘလူ)

ဘောလုံးခိုင်လှကြီး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ

နောင်ချို နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံဘောလုံးခိုင်လှကြီး သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးခိုင်ဇော်လတ်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ခိုင်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးမြတ်ဆွေက သင်တန်းဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ပြီး သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခြေခံဘောလုံး ခိုင်လှကြီးသင်တန်းကို ငါးရက်တာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား ၂၀ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)

o-o-o-o-o-o-o-o



ဈေးနှုန်းမြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ဂုဏ်ကို မြှင့်တင်ပါ။

မြစ်သားမြို့နယ်၌ တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် မိသားစုအုပ်ဝင်ငွေများ ရရှိ

မြစ်သား နိုဝင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ လောင်းတော်ဦးအုပ်စု၊ တကိုယ်တည်ကျေးရွာတွင် ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူခြင်းလုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေများ ရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဝက်မွေးမြူရေး လုပ်ကိုင်သူ ဦးထိန်လင်းထံမှ သိရသည်။

ဝက်များသည် သားပေါက်သည့်အခါ ဝက်သားအုပ်မ တစ်ကောင်လျှင် သား ခုနစ်ကောင်မှ ၁၄ ကောင်အထိ ပေါက်ဖွားလျက်ရှိပြီး တစ်လခွဲနှင့် နှစ်လသားအရွယ်များတွင် စတင်ရောင်းချနိုင်ကာ ဝက်သားပေါက်တစ်ကောင်လျှင် ကြီးထွားမှုအရွယ်အစားအလိုက် ငွေကျပ် နှစ်သိန်းခွဲမှ သုံးသိန်းအထိ ဈေးကောင်းရရှိကြသည်။ ဝက်သားပေါက်များကို အသက်အရွယ်အလိုက် သံဓာတ်အားတိုးဆေး၊ ဝမ်းကျောက်ကွယ်ဆေးများ ထိုးပေးခြင်း၊ သင်းကွပ်ခြင်း၊ အစာစားတတ်စေရန် လေ့ကျင့်ပေးခြင်းတို့ကို မွေးကင်းစမှ စတင်၍ စနစ်တကျ ပျိုးထောင်းပေးပြီး တစ်လခွဲအရွယ် (သို့မဟုတ်) နှစ်လအရွယ်များတွင် စတင်ရောင်းချလျက်ရှိသည်။

မြစ်သားမြို့နယ်မှ ကျေးလက်နေ ပြည်သူများသည် လယ်ယာလုပ်ငန်းများကို အဓိက လုပ်ကိုင်လျက်ရှိကြပြီး တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ကြက်၊ ဝက်၊ ဆိတ်နှင့် နွားများကို မွေးမြူခြင်းဖြင့် အပိုဝင်ငွေများရရှိကာ မိသားစုစားဝတ်နေရေး အဆင်ပြေကြပြီး ၄င်းတို့ရင်ဆိုင်တွေ့၏ ချေးများကိုလည်း အဖိုးတန်သော သဘာဝမြေဩဇာများအဖြစ် လယ်၊ ယာ၊ ကိုင်းကျွန်းများတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။



(အောက်ပုံ)
ဝင်းမင်းထွန်း (ပြန်/ဆက်)

o-o-o-o-o-o-o-o

ပျောက်ဆုံးကြောင်း

မောင်ထွန်းထွန်း(ဘ)ဦးကျော်ရင်၊ မှတ်ပုံတင်ကတ်အမှတ်(၈/ဂဂန(နိုင်)၀၉၅၁၁၁)ကိုင်ဆောင်သူ၏ Passport No (MA-425949) သည် ပျောက်ဆုံးနေပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

မောင်ထွန်းထွန်း

ဖုန်း ၀၉-၇၅၅၆၈၉၂၀၃

ပျောက်ဆုံးကြောင်း

မောင်မင်းခန့်ထွန်းကျော်(ဘ)ဦးထွန်းကျော်၊ မှတ်ပုံတင်ကတ်အမှတ်(၉/ဇအဇ(နိုင်)၀၅၄၂၅၆)ကိုင်ဆောင်သူ၏ Passport No(MK-148642)သည် ပျောက်ဆုံးနေပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

မောင်မင်းခန့်ထွန်းကျော်

ဖုန်း ၀၉-၇၅၅၆၈၉၂၀၃

အမှားသိခေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကင်းဘတ်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၇၃-က)၊ ဦးပိုင်(၂၇)၊ ဇရိယာ(၂ ဒသမ ၃၃)ဧက အကျယ်အဝန်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) ဒေါ်ဆန်းဌေး(ခ)ခန်းဌေး အမည်ပေါက် လယ်ယာမြေကွက်အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဆန်းဌေး(ခ)စန်းဌေး(ဘ)ဦးကျော်ဆန်း(၉/ပသက(နိုင်)၀၁၁၇၀၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လဲ့လဲ့နိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉)၊ ၃၂(A)လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း ၀၉-၂၀၁၇၇၃

အမှားသိခေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၅)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အေးအေးခိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC(၃)ထပ်မဲ့ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ပါဝါမီတာ၊ အဝီစိတွင်း၊ အဲယားကွန်း(၂)လုံး၊ ကွန်ပရေသာ်ဇာ၊ မြေမြှုပ်မော်တာတို့ အပါအဝင် ဝင်းခြံအကာအရံနှင့်တကွ ဧနယိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၅၉၅/၂၀၂၅)အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရှိရွှင်ပွင့်က်(ဘ)ဦးရိုလှမ်စိ(၁၃/ကခန(နိုင်)၀၁၀၀၈၂)၊ သားဖြစ်သူ ဦးကျော်အောင်ခိုင်(ဘ)ဦးချောင်ဟူချို(၉/ဓအဇ(နိုင်)၀၃၇၄၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -
ဦးကျော်ကျော်သိန်း (LL.B , DL.101 IP Law)
တရားလွှတ်တော်ရှေ့နေ
(ဃ-၃/၅၈)၊ ၆၃အောလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း ၀၉-၅၁၁၄၇၇၈

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(၈၈-၁)၊ ဦးပိုင်အမှတ်(၆၃ ခစင်း)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်မာရီ(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၇၁၁၉၉)က RC(၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ဘဝတီရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၁၁ က)၊ မြေကွက်ပေါ်တွင် ဦးအောင်ကျော်(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/မရန(နိုင်)၀၁၇၀၃၀)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း၊ အကွက်အမှတ်နှင့် အမည်(၄၉၄/ဘူးကုန်းကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၀၀/၂)၊ ဧရိယာ(၀ ဒသမ ၅၀)ဧကရှိ မြေနေရာအား ဦးကျော်ဇာအောင်(၉/မနမ(နိုင်)၀၁၂၇၇၂)အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်ရုံးအမှတ်ထွဏ်အမှတ်(၄/၂၀၂၂-၂၀၂၃)၊ ဂရန်စာချုပ်အမှတ်(၁၉၆/၂၀၂၂-၂၀၂၃)အရ (၂၂-၆-၂၀၂၂)ရက်မှ (၂၁-၆-၂၀၅၂)ရက်အထိ နှစ်(၃၀)မြောင်းဂရန်ရရှိခဲ့ပြီး ဦးကျော်ဇာအောင်၏အထွေထွေကိုယ်စားလှယ်လွှဲစာလွှဲအပ်ခြင်းခံရသူ ဦးဇော်ဝင်းဦး(၉/မရန(နိုင်)၀၈၉၂၉၃)ထံမှ ဦးအောင်စောဦးနှင့် ဒေါ်ခင်လွင်လွင်တို့(၂)ဦးသည် ဧရိယာ(၀ ဒသမ ၅၀)ဧကအနက် ဧရိယာ(၀ ဒသမ ၀၃၃)ဧကရှိ မြေနေရာအား ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၁၀၄/၂၀၂၆)အရ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုၿပီး ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးအောင်စောဦး(၉/မနမ(နိုင်)၀၅၉၉၇၂)နှင့် ဒေါ်ခင်လွင်လွင်(၉/မရမ(နိုင်)၀၀၂၁၅၀)အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်ထိန်းသိမ်းထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မန္တလေးမြို့ ။

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်လေးကျေးရွာအုပ်စု၊ ကွင်း၊ အမှတ်/အမည်(၃၃၉/ပုသိမ်လေး)၊ ဦးပိုင်အမှတ်(၃၄၆)၊ ဧရိယာ(၀ ဒသမ ၃၉၈)ဧကရှိ မြေနေရာအား ဒေါ်လှတင်မှ အစဉ်တစိုက်နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေနေရာအား ဒေါ်လှတင်(၉/မနမ(နိုင်)၀၃၆၃၉၂)အမည်ဖြင့် မြေငှားဂရန်အသစ်ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်ထိန်းသိမ်းထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မန္တလေးမြို့ ။

ကြော်ငြာစာ (အိမ်မြှင့်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကြည်လင်ရပ်ကွက်၊ အမှတ်(၁၀၄)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဧရိယာ(၀ ဒသမ ၀၆၀)ဧကရှိ အဆောက်အအုံအား ဒေါ်လှတင်(၉/မနမ(နိုင်)၀၁၂၀၇၆)အမည်ဖြင့် အဆောက်အအုံအား ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

မြေပုံ/မြေရာခံဝင်ငွေးကျးခွင် **ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	အကြောင်းအရာ
၁။	ဒေါ်နွယ်နွယ်အေး(၉/မနမ(နိုင်)၀၀၆၀၆၈)၊ဒေါ်နင်းနုနိုင်(၉/ဒအဇ(နိုင်)၀၁၇၉၀၀)၊ ဒေါ်ဟန်စုနိုင်(၉/အမဇ(နိုင်)၀၃၆၇၀၆)၊ဦးသူရနိုင်(၉/အမဇ(နိုင်)၀၃၆၇၀၇)၊ ဒေါ်ရွှန်းလဲ့လဲ့နိုင်(၉/ဒအဇ(နိုင်)၀၃၄၅၅၉)	၂၃လမ်း၀၂၃လမ်းထောင့်(ပြည်ကြီးတျာကလေ)	ဦးကိုကိုနိုင်	အောင်မြေသာစံ	၁၆၃	၉-၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၂။	ဒေါ်ခင်ဗာညွှန့်(၉/ဗထလ(နိုင်)၀၆၇၁၁၅)	၂၂လမ်းနှင့် ၂၆လမ်းကြား၊၀၇၃လမ်းနှင့်၀၇၄လမ်းကြား၊(အနှိပ်တော်)	ဝိုလိုက်ဖြူမြင့်ဆွေ	အောင်မြေသာစံ	၄၁၇	၉၅-၈၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၃။	ဒေါ်ခင်ပမ(၉/မနမ(နိုင်)၀၃၀၄၇၃)	၆၂လမ်း၁၀လမ်းနှင့်၁၉လမ်းကြား	ဦးကိုကိုဦး(ပါ-၂)	အောင်မြေသာစံ	၆	၁၀၀	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၄။	ဒေါ်ဘုန်းသူ(၉/မနတ(နိုင်)၀၂၆၀၃၀)	လမ်း၉၀နှင့်သင်္ကာချောင်းအလွှာက်ပတ်လမ်းကြား၊ ၃၂လမ်းနှင့်၃၃လမ်းကြား(ဒေးဝန်းအနောက်)	ဟောချစ်(ပါ-၂)	ချမ်းအေးသာစံ	၃၂၆	၃-၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၅။	ဦးဆန်းဝဏ္ဏာမိုင်(၁၂/မဂဒ(နိုင်)၁၅၉၆၆၂)၊ဦးဆန်းကျိုသူမိုင်(၆/ထဝန(နိုင်)၀၉၄၅၁၀၉)၊ဒေါ်ကေသွယ်လိုင်(၆/ထဝန(နိုင်)၀၉၄၅၂၀)	၉၉လမ်းနှင့်လမ်း၅၈ကြား၊၁၀၆လမ်းနှင့်၁၀၈လမ်းကြား၊(ဒောင်ပင်လယ်)	တပ်သားဆန်းနု	ချမ်းမြသာစည်	ဆဆ-၁၀	၅၉	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၆။	ဦးဟန်ထွန်းအောင်(၉/မရမ(နိုင်)၀၉၂၇၄၅)၊ဦးဘက်လင်းမောင်(၉/မရမ(နိုင်)၀၉၂၃၃၃)၊ဦးစောရွှိမိုဦး(၉/မရမ(နိုင်)၀၉၂၃၃၅)	၁၇လမ်းပေါ်၊၀၆လမ်းနှင့်၀၈လမ်းကြား၊(ဒောင်မြေသာစံ)	ဦးတင်ဆွေမြင့်(ပါ-၂)	အောင်မြေသာစံ	၁၃၅	၁-၈၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၇။	ဦးဟန်ထွန်းအောင်(၉/မရမ(နိုင်)၀၉၂၇၄၅)၊ဦးဘက်လင်းမောင်(၉/မရမ(နိုင်)၀၉၂၃၃၃)၊ဦးစောရွှိမိုဦး(၉/မရမ(နိုင်)၀၉၂၃၃၅)	၁၇လမ်းနှင့်၁၉လမ်းကြား၊၀၆လမ်းနှင့်၀၈လမ်းကြား၊(ဒောင်မြေသာစံ)	ဦးတင်ဆွေမြင့်	အောင်မြေသာစံ	၁၂၉	၃-၁၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၈။	ဦးဟန်ထွန်းအောင်(၉/မရမ(နိုင်)၀၉၂၇၄၅)၊ဦးဘက်လင်းမောင်(၉/မရမ(နိုင်)၀၉၂၃၃၃)၊ဦးစောရွှိမိုဦး(၉/မရမ(နိုင်)၀၉၂၃၃၅)	၁၇လမ်းပေါ်၊၀၆လမ်းနှင့်၀၈လမ်းကြား၊(ဒောင်မြေသာစံ)	ဦးတင်ဆွေမြင့်	အောင်မြေသာစံ	၁၃၅	၁-၈၁	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၉။	ဦးဟန်ထွန်းအောင်(၉/မရမ(နိုင်)၀၉၂၇၄၅)၊ဦးဘက်လင်းမောင်(၉/မရမ(နိုင်)၀၉၂၃၃၃)၊ဦးစောရွှိမိုဦး(၉/မရမ(နိုင်)၀၉၂၃၃၅)	၀၃လမ်းနှင့်၀၆လမ်းကြား၊၃၂လမ်းနှင့်၃၃လမ်းကြား၊ (ဒောင်မြေနှင်းဆီအနောက်)	ဦးတင်ဆွေမြင့်(ပါ-၂)	ချမ်းအေးသာစံ	၅၆၄	၂၀	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၁၀။	ဒေါ်ခင်ခင်ရ(၉/မနတ(နိုင်)၀၁၃၅၀၅)၊ဒေါ်ဃင်းသန်းထွေး(၉/မနတ(နိုင်)၀၁၃၇၂၅)၊ ဒေါ်ရှလှမြင့်(၉/မနတ(နိုင်)၀၁၃၇၅၂)၊ဒေါ်စိုစိုဝင်း(၉/မနတ(နိုင်)၀၁၃၅၂၉)၊ ဒေါ်ပြီညီအောင်(၉/မနတ(နိုင်)၀၆၆၄၆၁)၊ဒေါ်စိုင်ဝိုင်းကျိုး(၉/ပမန(နိုင်)၁၄၀၀၀၀)၊ ဒေါ်ကသီကျိုး(၉/ပမန(နိုင်)၁၄၀၀၀၉)	၀၆လမ်း၁၁လမ်းနှင့်၁၂လမ်းကြား၊(ပြည်ကြီးတပ်တွယ်အရှေ့)	ဟောထွန်းအောင်(ပါ-၂)	ချမ်းအေးသာစံ	၂၅၀	၂၀	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၁၁။	ဦးစိန်လင်း(၉/မနတ(နိုင်)၀၉၂၄၃၀)	သင်္ကာချောင်းဟက်လမ်း၊ဇီးလုံးတံတားလမ်းနှင့်မင်္ဂလာတံတားလမ်းကြား (သံလျက်မင့်အရှေ့)	ဒေါ်မြမြ	မဟာအောင်မြေ	၄၂၁	၇-၁၀	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၁၂။	ဒေါ်ဃန်းသန်းနု(၉/မရတ(နိုင်)၀၄၆၇၀၈)၊ဦးသက်ဦိုင်(၉/မနတ(နိုင်)၀၀၁၀၈၇)၊ ဒေါ်စန်းယုဇော်(၉/မနတ(နိုင်)၀၀၁၀၈၅)၊ဦးခိုင်အောင်(၉/ဘဝ(နိုင်)၀၄၆၄၂၂)	ကန်တော်ကြီးအတင်းလမ်းတောင်ဘက်၊၀၂လမ်းနှင့်၀၄လမ်းကြား၊ (တမွတိ)	ဒေါ်ဃန်းမြင့်	ချမ်းမြသာစည်	၄၉၁	၄၄	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်
၁၃။	ဒေါ်စိန်ရင်(၉/မရတ(နိုင်)၀၀၅၂၈၆)၊ဒေါ်မိမျိုးထွေး(၉/မရတ(နိုင်)၁၁၀၉၂)	၀၄လမ်း၁၀ထပ်တိုက်တောင်ဘက်အနီး၊(တမွတိ)	ဦးဟော်ကြီး(ပါ-၂)	ချမ်းမြသာစည်	၄၀၆	၂၃	အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၂၅/လက်ကောင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂/၁)၊ ဧရိယာ(၁ ဒသမ ၀၀)ဧကရှိ မြေနေရာအား ဦးအယ်လ်ယောင်ထန်(၁/မကန(နိုင်)၀၀၅၄၁၅)အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၃၀/၂၀၁၇-၂၀၁၈)၊ ဂရန်စာချုပ်အမှတ်(၁၃/၂၀၁၈-၂၀၁၉)အရ(၂၇-၆-၂၀၁၈)ရက်မှ (၂၆-၆-၂၀၂၈)ရက်အထိ လယ်ယာသုံးစက် ပစ္စည်းအရောင်းဆိုင်နှင့် သီးနှံဂိုထောင်ဆောက်လုပ်ရန် မြေနေရာအဖြစ် (၁၀)နှစ် မြေငှားဂရန်အား ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ (၁ ဒသမ ၀၀)ဧကအနက် ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂/၁/၂)၊ ဧရိယာ(၀ ဒသမ ၄၆)ဧကအား ဦးအယ်လ်ယောင်ထန်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးမြင့်သူထံမှ ဒေါ်မြင့်မြင့်စန်း(၉/ခအဇ(နိုင်)၀၂၂၆၉၈)နှင့် ဒေါ်မီမီထွန်း(၉/မရမ(နိုင်)၀၀၁၇၂၄)တို့(၂)ဦးသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၀၅၆/၂၀၂၆)အရ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့သည့် အဆိုပါ မြေနေရာအား ဒေါ်မြင့်မြင့်စန်း(၉/ခအဇ(နိုင်)၀၂၂၆၉၈)နှင့် ဒေါ်မီမီထွန်း(၉/မရမ(နိုင်)၀၀၁၇၂၄)တို့(၂)ဦး အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်းခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ။

ကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် သတင်းစာကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူအမည်/မှတ်ပုံတင်အမှတ်	လျှောက်ထားသည့်မြေ၏					အကြောင်းအရာ
		မြို့နယ်	ကျေးရွာအုပ်စု	ကွင်း/အကွက်အမှတ်နှင့် အမည်	ဦးပိုင်အမှတ်/မြေကွက်အမှတ်	ဧရိယာ (ဧက)	
၁။	ဦးလန်စုရှိန်း(၁၃/တမည(နိုင်)၀၀၆၉၈၃)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၆၄/၂	၀.၁၁	မြေငှားဂရန်၊ အမည်ပြောင်း
၂။	ဒေါ်ကြည်ကြည်လမင်း(၉/အမဇ(နိုင်)၀၈၇၃၀၁)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၇၅/၄	၀.၀၈၃	မြေငှားဂရန်၊ အမည်ပြောင်း
၃။	ဒေါ်အေးအေးဝင်း(၅/ကလထ(နိုင်)၁၁၇၁၃၃)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၇၅/၇	၀.၀၈၃	မြေငှားဂရန်၊ အမည်ပြောင်း
၄။	ဒေါ်ဖြူဖြူအောင်(၉/အမဇ(နိုင်)၀၀၉၉၁၂)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၇၇/၄	၀.၀၈၃	မြေငှားဂရန်၊ အမည်ပြောင်း
၅။	ဒေါ်ဆန်းထွေး(၁၃/တယန(နိုင်)၀၃၉၉၅၇)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၈၃/၃	၀.၀၈၃	မြေငှားဂရန်၊ အမည်ပြောင်း
၆။	ဦးထွန်းဖောင်(၉/မရမ(နိုင်)၀၄၂၄၀၄)၊ ဒေါ်နန်းအမ်ထွန်း(၉/မရမ(နိုင်)၀၄၂၄၀၅)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၈၃/၄	၀.၀၇၈	မြေငှားဂရန်၊ အမည်ပြောင်း
၇။	ဦးအိုက်ပေါင်း(၁)ဦးအိုက်ဖောင်(၁/မကန(နိုင်)၀၁၈၀၆၃)၊ ဒေါ်အေသွင်(၁)ဒေါ်ရီရီမြင့်(၉/မရမ(နိုင်)၀၇၄၇၄၃)	ပုသိမ်ကြီး	ရေကြည်	၅၄၀/ရေကြည်အရှေ့	၃၉၇/၆၆၀	၀.၁၀	မြေငှားဂရန်၊ အမည်ပြောင်း

အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်အမှတ်(၁၁၀)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သန်းငွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/သပန(နိုင်)၀၀၅၇၇၄)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၇)၊ ဦးပိုင်အမှတ်(၅+၁၄)၊ မြေကွက်ပေါ်တွင် ဒေါ်ရန်ကေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/နမတ(နိုင်)၀၃၁၅၂၄)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-၅၂)၊ ဦးပိုင်အမှတ်(၆၃+၆၄)၊ မြေကွက်ပေါ်တွင် ဒေါ်ကျောက်ကျားချင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၂၃၄၉၃) က SS (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၈)၊ ဦးပိုင်အမှတ်(၁၇+၁၈)၊ မြေကွက်ပေါ်တွင် ဒေါ်ရန်ထိုက်ရင် (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ကခန(နိုင်)၀၅၅၇၈၇)က SS (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၇)၊ ဦးပိုင်အမှတ်(၃၄+၃၅)၊ မြေကွက်ပေါ်တွင် ဦးအောင်မင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၇/ပတန(နိုင်)၀၇၄၁၈၂)က SS (၁)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၆)၊ ဦးပိုင်အမှတ်(၄၇)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်ပြုံးရီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ကတတ(နိုင်)၀၂၁၅၃၀)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၃)၊ ဦးပိုင်အမှတ်(၁၁+၁၂+၁၃+၁၄)၊ မြေကွက်ပေါ်တွင် ဦးသိန်းကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ကလန(နိုင်)၀၃၂၃၃၆)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၈ စ/၄၁၀)၊ ဦးပိုင်အမှတ် (၇၉-က)၊ မြေကွက်ပေါ်တွင် ဦးစိုးမြင့်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/မရန(နိုင်)၀၈၃၆၉၄)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၉ ဆ/၄၁၀)၊ ဦးပိုင်အမှတ်(၄)၊ မြေကွက်ပေါ်တွင် ဒေါ်သီရိရတနာဝင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/ပကခ(နိုင်)၀၃၂၈၉၄)က နံကပ်(၁)ထပ် နှစ်လုံး အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

